ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်၊ သောကြာနေ့။ Friday, 9 February 2024 ၁၁၃၆၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (ကြာသပတေးနေ့) ဝဝး ဝ၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

### ဖူးမြော်ကြည်ညို

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပူဇော်ထားရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။



ကြေးမုံ

# လုပ်ကြံဖျက်ဆီးဖန်တီးသူများကို တိုက်ဖျက်

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရှိအချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးပျက်ပြားအောင် အကြမ်းဖက်အဖွဲ့ NUG ၏ မြှောက်ပင့်လှုံ့ဆော်ပေးမှုကြောင့် PDF အကြမ်းဖက်သမားများနှင့် EAO သောင်းကျန်းသူအဖွဲ့အချို့တို့က နယ်မြေဒေသအချို့တွင် တိုက်ခိုက်ဖျက်ဆီး လုပ်ကြံဖန်တီးမှုများ အဆက်မပြတ် ပြုလုပ်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အသိဉာဏ်ဆင်ခြင်တုံတရားမရှိသော အဆိုပါအကြမ်းဖက်အဖွဲ့များသည် အပြစ်မဲ့ပြည်သူများ ဒုက္ခဆင်းရဲဖြစ်အောင် လက်နက်အားကိုးဖြင့် ယုတ်မာရက်စက်ဖျက်ဆီးမှုများ ပြုလုပ်နေကြပေသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုပြုလုပ်ပြီး အာဏာကိုဖြတ်လမ်းက ရယူလိုသည့်အဖွဲ့အစည်းတစ်ခုကြောင့် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားအရေးကို ကြွေးကြော်ပြီး တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြခြင်းသည် အကြမ်းဖက်လမ်းစဉ်ကို အသက်သွင်းနေခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)များ၏ ရွာလုံးကျွတ်သတ်ဖြတ်မှု၊ ပါတီတွင်း ဖြုတ်ထုတ်သတ် အကြမ်းဖက်ဝါဒကဲ့သို့ပင် မျက်မှောက်ကာလတွင်လည်း အကြမ်းဖက်သမားများသည် မြို့ရွာများရှိ အပြစ်မဲ့ပြည်သူများကိုသာမက အကြမ်းဖက်သမားအချင်းချင်း လူမဆန်သောရက်စက်မှုပုံစံများဖြင့် သတ်ဖြတ်နေကြသည့် စိတ်မချမ်းမြေ့ဖွယ်သတင်းများကို ကြားသိနေရပေသည်။ ထိုသို့သောအခြေအနေတွင် အကြမ်းဖက်သမားများနှင့် ပြည်ဖျက်မီဒီယာများက ၎င်းတို့၏လုပ်ရပ်များကို အစိုးရနှင့် တပ်မတော်အား အထင်အမြင်လွဲမှားအောင် မဟုတ်မမှန် ဖန်တီးကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

ပြည်ဖျက်မီဒီယာများက မြေပြင်ဖြစ်စဉ်သတင်းများကိုအခြေခံကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ပြည်သူများ စိုးရိမ်ကြောက်လန့်မှုဖြစ်စေရန် သတင်းတု၊ သတင်းမှားများဖြင့် လိမ်လည်ဝါဒဖြန့် ရေးသားထုတ်လွှင့်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။ ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လူနှစ်ဦးအား အရှင်လတ်လတ်သတ်ဖြတ်နေသည့် ရုပ်သံဖိုင်ကို ဖြန့်ဝေလျက် ၎င်းတို့လုပ်ရပ်ကို ရပ်ရွာကာကွယ်ရေးအဖွဲ့များက ကျူးလွန်ခြင်းဖြစ်သည်ဟု မမှန်သတင်းများထုတ်လွှင့်ကာ လှုံ့ဆော်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စိစစ်ဖော်ထုတ်တွေ့ရှိချက်အရ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေလျက်ရှိသည့် ရုပ်သံဖိုင်၌ ရက်ရက်စက်စက် သတ်ဖြတ်ခံရသူနှစ်ဦးမှာ PDF အကြမ်းဖက်သမားများဖြစ်ကြောင်း သိရသည်။ ၎င်းတို့အချင်းချင်း နယ်မြေလုခြင်း၊ ငွေကြေးအရှုပ်အရှင်းများရှိခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်မလုပ်ဆောင်လိုခြင်း စသည့်အကြောင်းများကြောင့် အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်ခြင်းသာဖြစ်ပြီး ထိုသို့လုပ်ဆောင်ခဲ့ခြင်းကို ရပ်ရွာကာကွယ်ရေးအဖွဲ့များက ကျူးလွန်ခဲ့သည့်အသွင်ဖြင့် လုပ်ကြံဖန်တီး ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ ထိုသတင်းသည် အများပြည်သူအထင်အမြင်လွဲမှား ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေသည့် သတင်းတစ်ပုဒ်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် တော်လှန်ရေးဟု ဟစ်ကြွေးကာ ဗကပ လမ်းစဉ်ကဲ့သို့ပင် ၎င်းတို့နှင့်သဘောထားမတိုက်ဆိုင်သူများ၊ အသွင်မတူသူများ၊ ၎င်းတို့အလိုသို့ လိုက်ပါဆောင်ရွက်ခြင်းမရှိသူများကို တာယာကွင်းစွပ်သတ်ဖြတ်ခြင်း၊ လည်လှီးသတ်ဖြတ်ခြင်း၊ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း စသည့်လူမဆန်သောရက်စက်မှုများကို ပြည်သူများ အကြောက်တရားကြီးမားလာအောင် ကျူးလွန်လျက်ရှိသည်။ အကြမ်းဖက်သမားများ၏ လူမဆန်သောရက်စက်ယုတ်မာမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေပါသည်ဟု နိုင်ငံတကာနှင့် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊ သတင်းမှား၊ လုပ်ကြံဝါဒဖြန့် ထုတ်လွှင့်နေကြသည်ကို သတိပြုရမည်ဖြစ်သည်။

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် အကြောက်တရားလွှမ်းမိုးအောင် လုပ်ဆောင်မှုများကို အစောပိုင်းကတည်းက ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်အဖွဲ့ NUG က ပြည်ပမှနေ၍ ငွေကြေးလက်နက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းအပြင် ပြည်တွင်းအကြမ်းဖက်သမားများက နယ်မြေဒေသအတွင်း ဆက်ကြေးကောက်၊ လုယက်ခေါးပြတိုက်၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားပြီး ရပ်တည်နိုင်အောင် ပြုလုပ်ခဲ့ကြသည်။ ရပ်ရွာစခန်းများကို အလစ်အငိုက်တိုက်ခိုက်ကြပြီး ပြည်သူများ ထိခိုက်သေဆုံးပါက လုံခြုံရေးတပ်ဖွဲ့များက ပြုလုပ်သည်ဟု မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စည်းကမ်းဥပဒေဖြင့် အတိအကျ ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့များကို အထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီးလျက်ရှိသည်။ သို့ဖြစ်ရာ ဝါဒဖြန့်လျက်ရှိသော မဟုတ်မမှန်လုပ်ကြံသတင်းများကို နားမယောင်ဘဲ အများပြည်သူ စိတ်နှလုံးညှိုးနွမ်းထိခိုက်အောင် ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများကို ဝိုင်းဝန်းပူးပေါင်းလက်တွဲပြီး တိုက်ဖျက်ကြရမည် ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၀၄ | ၉၀၂,၄၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၁,၀၅၂ | ၃,၁၀၃,၄၀၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၇၇ | ၆၀၈,၄၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၀ | ၁၅,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃၉ | ၉၇,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၄၂၀ | ၇၉၂,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁ | ၄,၈၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁,၀၃၆ | ၁,၇၉၀,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကျင်းပရေး နာယကအဖွဲ့တွင် ပါဝင်သည့် သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဦးစီးပဓာနနာယက (ဝစီပိတ်) ဆရာတော်ဘဒ္ဒန္တကောဝိဒ အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီးဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိ စျာပနပူဇာသဘင်အခမ်းအနားပြုလုပ်မည့်အခြေအနေများကို လျှောက်ထားဆွေးနွေး၍ ဆရာတော်ကြီးသည် နိုင်ငံ့ဥသျှောင် အဓိပတိဆရာတော်ကြီးများတွင် ပါဝင်သဖြင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားအား စည်ကားသိုက်မြိုက်စွာနှင့် အခမ်းနားဆုံးဖြစ်အောင် ကျင်းပနိုင်ရေး၊ ရပ်ဝေးမှလာရောက်သည့် ဆရာတော်၊ သံဃာတော်များ၊ သာသနဝန်ထမ်းသီလရှင်များနှင့် အများပြည်သူများ သွားလာရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့မှုရှိစေရေး၊ သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် အခြားလိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဝစီပိတ်ဆရာတော်ကြီးထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဆရာတော်ကြီးများထံသို့ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်နိုင်ရေး အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တာချီလိတ်မြို့ မဟာဗောဓိကမ္မဋ္ဌာန်းကျောင်းတိုက် မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏသီရိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

**မွေးဖွားသန့်စင်**

အဆိုပါ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အလောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ခမည်းတော် ဦးဟောင်၊ မယ်တော် ဒေါ်နန်းပင်းတို့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းကိန်ရွာ၌ မွေးဖွားသန့်စင်ခဲ့ပြီး ၁၂၉၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မရံသီကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ လည်းကောင်း၊ ၁၃၁၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့လည်းကောင်း အသီးသီးရောက်ရှိတော်မူခဲ့ကြောင်း၊ သက်တော် ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေဘဝဖြင့် အခြေခံပညာမူလတန်းပညာ သင်ယူတော်မူခဲ့ပြီး ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံတွင် ပရိယတ္တိစာပေများကို ဂုံရှမ်းဘာသာဖြင့် မူလဓမ္မာစရိယတန်း အောင်မြင်သည်အထိ ပညာသင်ယူဆည်းပူးတော်မူခဲ့ကာ ၁၃၂၀ ပြည့်နှစ်တွင် မူလဓမ္မာစရိယကို ဂုံရှမ်းဘာသာဖြင့် အောင်မြင်တော်မူခဲ့ကြောင်း၊ ဆရာတော်ကြီးသည် ၁၃၅၇ ခုနှစ်တွင် နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက်ကို စတင်ဖွင့်လှစ်တော်မူခဲ့ပြီး ပရိယတ္တိစာသင်တိုက်ခွဲလေးခုကို ဖွင့်လှစ်ထူထောင်ထားရှိကြောင်း၊ စာသင်တိုက်များ၌ ရှမ်းတိုင်းရင်းသား ရဟန်း၊ သာမဏေများအား အစိုးရပါဠိပထမပြန်မှုအတိုင်း ဂုံရှမ်းဘာသာဖြင့် အခြေပြ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းများကို သင်ကြားပို့ချပေးခြင်းနှင့် စာမေးပွဲများကို အကြိမ် ၅၀ တိုင် ကျင်းပပေးခဲ့ကြောင်း၊ ၁၃၅၅ ခုနှစ်မှစတင်၍ ပိဋကတ်သုံးပုံပါဠိတော်နှင့် ဂုံရှမ်းဘာသာပြန်စာအုပ်ပုံနှိပ်ထုတ်ဝေခြင်း၊ ပိဋကတ်သုံးပုံပါဠိတော်အစုံအား ကျောက်စာချပ်ရေ ၂၅၀၀ ခန့်ဖြင့် ကျောက်ထက်အက္ခရာတင်ပြီး တာချီလိတ်မြို့၊ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် စိုက်ထူတည်ထား ကိုးကွယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် တာချီလိတ်မြို့အတွင်းရှိ အခြေခံပညာအဆောက်အအုံများအတွက် မြေနေရာများ လှူဒါန်းပေးခြင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့လူငယ်ပရဟိတဂေဟာကို တည်ထောင်ဖွင့်လှစ်၍ လိုအပ်သောထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီး မြေနေရာနှင့် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းပေးခြင်းများ စသည့် သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ကြောင်း၊ ဆရာတော်ကြီး၏ သက်တမ်းတစ်လျှောက် ထိုကဲ့သို့ သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့မှုများကြောင့် နိုင်ငံတော်မှ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ ၂၀၂၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ချီးမြှင့်ခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဆက်ကပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခံခဲ့ရကြောင်း၊ ဆရာတော်ကြီးသည် သက်တော် ၉၆၊ ဝါတော် ၇၇ ဝါ အရောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဝစီပိတ်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ကြီးများထံ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အခမ်းအနားကျင်းပပြုလုပ်နိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**☆ ဆရာတော်ကြီး၏သက်တမ်းတစ်လျှောက် ထိုကဲ့သို့သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့မှုများကြောင့် နိုင်ငံတော်မှ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ ၂၀၂၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ချီးမြှင့်ခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဆက်ကပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခံခဲ့ရကြောင်း၊ ဆရာတော်ကြီးသည် သက်တော် ၉၆၊ ဝါတော် ၇၇ ဝါ အရောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်**

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၉ / ၂၀၁၆**
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်အုန်းတင့်အား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၁၆ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၁၂-၂-၂၀၁၆ ရက်နေ့ ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၁၀-၂-၂၀၁၆ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၁၂-၂-၂၀၁၆ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်/မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကြီးကြပ်သူများ စုစုပေါင်း ၇၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ဖူးမြော်လေ့လာကြည်ညို**

ဆက်လက်၍ ဘုရားဖူးအငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

**သတင်းစဉ်**

## မြောင်းမြမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဧရာဝတီ တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောင်းမြမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၁၄ ခုမှ ပြည်သူ ၆၁၅ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်း အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ပြည်တွင်းစားသုံးဆီ ဖူလုံသုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်တွင်းစားသုံးဆီ ဖူလုံသုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၅)၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ကံဇော်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးထုတ်လုပ်သော ဆီထွက်သီးနှံများကို ကြိတ်ခွဲရရှိလာသည့် စားသုံးဆီများ ပြည်တွင်းဖူလုံမှုရှိစေရန် လိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်ပါဝင်သော စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို နိုင်ငံတော်အစိုးရက လုပ်ငန်းတာဝန်(၉)ရပ် သတ်မှတ်၍ ဖွဲ့စည်းပေးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးအား နေကြာသီးနှံကို အဓိက သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုအားကောင်းစေရန်နှင့် နိုင်ငံတစ်ဝန်းရှိ တောင်သူများအားလုံး ပါဝင်လုပ်ကိုင်နိုင်ကြစေရေးအတွက် ယခုနှစ်မှ စတင်ကာ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ သုံးမျိုးလုံးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြေပဲတစ်ဧကေ သုံးသိန်း၊ နှမ်းတစ်ဧကေ ၁ ဒသမ ၅ သိန်းနှင့် နေကြာတစ်ဧကေ နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုကို ထောက်ပံ့ပြီး ဆီစက်လုပ်ငန်းရှင်များနှင့် သီးနှံပေးသွင်းမှု စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်၍ ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရန်နှင့် ပြည်တွင်းစားသုံးဆီလုံလောက်စေရန် ဆောင်ရွက်ရမည့် အထူးအစီအမံများ၊ လျာထားဆောင်ရွက်ချက်များအား အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာနများနှင့် ကော်မတီဝင်များက သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ အဆင့်ဆင့်သော စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဆီထွက်သီးနှံတောင်သူများအားလုံး ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတက္ကသိုလ်၌ လူငယ်များ ဗလငါးတန်ပြည့်စုံရေး စုံညီပွဲတော်ကျင်းပဆင်နွဲ

**မကွေး ဖေဖော်ဝါရီ ၈**

လူငယ်များဗလငါးတန်ပြည့်စုံရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က မကွေးတက္ကသိုလ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတက္ကသိုလ်အတွင်း လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိသည့် ဆွေးနွေးပွဲများ၊ အားကစားလှုပ်ရှားမှုများ၊ ပြခန်းလှုပ်ရှားမှုများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# Naypyitaw State Academy ၌ သုတေသနနည်းစနစ်များဆိုင်ရာ ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

Naypyitaw State Academy တွင် ကျောင်းသားကျောင်းသူများအတွက် သုတေသန နည်းလမ်းများကို စနစ်တကျ နားလည်သိရှိစေရန်နှင့် အသုံးချသုတေသနများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သုတေသနနည်းစနစ်များ (Research Methodology) ဆိုင်ရာဟောပြောပို့ချခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက သုတေသနနည်းစနစ်များ (Research Methodology) ဆိုင်ရာ အချက်အလက်စုဆောင်းသည့် နည်းလမ်းများ၊ ကိန်းရှင်များနှင့် တိုင်းတာသည့်စကေးများ၊ တွက်ချက်မှုများအတွက် R နှင့် R Studio တို့၏ အခြေခံသဘောတရားများ၊ ဇယားအမျိုးမျိုး တွက်ချက်ပုံ၊ သရုပ်ဖော်စာရင်းအင်းပညာ တွက်ချက်ပုံနှင့်ပတ်သက်သည့် သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အသိပညာပေးဟောပြော၊ ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ဒဂုံသူရိန်ခန်းမ၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးခိုင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း စာစီစာကုံး/ ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအောက်ဆင့်တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခြင်း၊ အသိပညာပေး နံရံကပ်စာစောင်များအား ပြသခဲ့ရာ ကျောင်းသားကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်း

**မကွေး ဖေဖော်ဝါရီ ၈**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၇ ရက်က မကွေးတိုင်းပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ သွေးလှူဒါန်းခြင်းကို မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်၏ကြီးကြပ်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၉ ဦးက မကွေးတိုင်းပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ပြီး စုပေါင်းသွေးလှူဒါန်းခဲ့သူများအား မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# အချို့သောသတင်းမီဒီယာများသည် နိုင်ငံကိုအမှောင်ထဲသို့ကျအောင် ချောက်ချလျက်ရှိသည်ကို တွေ့ရ၊ သတင်းမှားများကို ခွဲခြားသိရှိရှောင်ရှားပြီး သတင်းမှန်များကို ကောင်းမွန်စွာအသုံးချတတ်မည်ဆိုပါက မိမိတို့နေ့စဉ်လူမှုဘဝအတွက် များစွာအကျိုးကျေးဇူးရှိမည်

**မန္တလေး ဖေဖော်ဝါရီ ၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ရတနာပုံခန်းမဥ္စကျင်းပသည့် မန္တလေးရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများအား “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှုအန္တရာယ်” နှင့် “နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ” ဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးမြို့ရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားစဉ်။

### တက်ရောက်

ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရတနာပုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက အလှကမ္ဘာမြေ သီချင်းဖြင့် ဖျော်ဖြေပြီး “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်” နှင့် “နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ” မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်သည် နည်းပညာခေတ် ဖြစ်သဖြင့် လူငယ်များ အနေဖြင့် နည်းပညာနှင့် နေ့စဉ် ထိတွေ့ဆက်သွယ်ဆက်ဆံရကြောင်း၊ နည်းပညာခေတ်တွင် သတင်းများသည် အကန့်အသတ်မရှိ ထွက်ပေါ်လာကြောင်း၊ အချို့သောသတင်းမီဒီယာများသည် နိုင်ငံကို အမှောင်ထဲသို့ကျအောင် ချောက်ချလျက်ရှိသည်ကို တွေ့ရကြောင်း၊ သတင်းတု၊ သတင်းမှားများကြောင့် ပါကြောင်း၊ စိတ်ခံစားမှုများလာပါက အမှားကို အမှန်ထင်တတ်ကြောင်း၊နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို သိရှိနားလည်စေရန် အတွက် မီဒီယာအခန်းကဏ္ဍသည် များစွာ အရေးကြီးပါကြောင်း၊ လူငယ်များသည် နောင်အနာဂတ်အတွက် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ရမည့်သူများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အနေဖြင့် အတွေးအခေါ်မမှားရန်နှင့် လမ်းမှားမရောက်စေရန်သည် မြန်မာနိုင်ငံတွင် အချို့လူငယ်များသည် အတွေးအခေါ် အယူအဆများ လွဲမှားနေသည့်အတွက် လမ်းမှားသို့ ရောက်နေကြပါကြောင်း၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို ဆောင်ရွက်ကာ လူငယ်များက တိုင်းပြည်တည်ဆောက်ရေးတွင် ကြိုးပမ်းဆောင်ရွက် သင့်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဘွဲ့ရပြီး နိုင်ငံ့တာဝန် ထမ်းဆောင်ချိန်တွင် နိုင်ငံ့အရေးကို ပါဝင်ဆောင်ရွက်စေလိုကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အရေးကြီးပုံကိုသိရှိနားလည်ပြောကြားသည်။

### ကောင်းမွန်စွာအသုံးချ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်ကို ထိန်းကျောင်းပေးနေသည်မှာ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာကဏ္ဍကို အားကောင်းအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သတင်းမှန်များကိုသာ စားသုံးသင့်ပြီး သတင်းမှားများကို မလိုလားအပ်သည့် ပြဿနာများစွာ ဖြစ်ပေါ်နေပါကြောင်း၊ သတင်းမှားများကို ခွဲခြားသိရှိရှောင်ရှားပြီး သတင်းမှန်များကို ကောင်းမွန်စွာ အသုံးချတတ်မည်ဆိုပါက မိမိတို့နေ့စဉ်လူမှုဘဝအတွက် များစွာအကျိုးကျေးဇူး ရှိမည်ဖြစ်ပါကြောင်း။

အချို့သော သတင်းများသည် စိတ်ခံစားမှုကို အခြေမခံသင့်ဘဲ ဦးနှောက်နှင့် ချင့်ချိန်စဉ်းစားသင့်အလွန် အရေးကြီးပါကြောင်း၊ အတွေးအခေါ် အမြော်အမြင်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်ရန် ပညာရေး၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း။

### လူငယ်ကဏ္ဍကိုအလေးထား

လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း လူငယ်ကဏ္ဍကိုအလေးထားပြီး မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယနေ့စေလိုပါကြောင်း၊ နိုင်ငံတော်၏ စေတနာမှန်ကို နားလည်လက်ခံသိရှိပြီး နိုင်ငံ့ကောင်းကျိုးကို ရှေးရှုဆောင်ရွက် စေလိုပါကြောင်း၊ နိုင်ငံတော်၏ အဖိုးတန်ရတနာများဖြစ်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုထိုက်သည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ဆွေးနွေးအဆိပ်အတောက်ကဲ့သို့ သတ်မှတ်ရန်လိုအပ်ကြောင်းနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် အရေးကြီးသည့် လူ့အရင်းအမြစ် ဖြစ်သည့်အတွက် မိမိတို့ရရှိသိရှိထားသည့် သတင်းများကို နိုင်ငံတော်တည်ဆောက်ရေးအတွက် ကောင်းမွန်စွာ အသုံးချစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဒီဂရီကောလိပ်မှကျောင်းသား ကျောင်းသူများက “အနာဂတ်မြန်မာသို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ နိုင်ငံခြားဘာသာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ပုသိမ်ကြီး)၊ ဆေးဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း တက္ကသိုလ်ကောလိပ် ၁၂ ခုတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၉၀ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Mingalar Mandalay Shopping Complex ရှိ Lotus Plaza ဧရိယာတွင် New Starlight Group of Companies မှ တရုတ်ရိုးရာ နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် စတုဒိသာလှူဒါန်းခြင်း အစီအစဉ်သို့ ပါဝင်တက်ရောက်ပြီး ယင်း Complex ရှိ ဈေးဝယ်ဧရိယာများ၊ Shopping Centre များ၊ Recreation Zone များသို့ မြို့နေပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝယ်ယူအားပေးနေမှုများကို ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးမြို့ရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဆွေးနွေးပြောကြားစဉ်။

# စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်း စာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်း စာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၏ မူရင်း ထုတ်ကုန်အမယ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအလိုက် ဆောင်ရွက်သင့်သော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမယ် ၆၁၂ မျိုး၏ စာရင်းကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှန်တကယ် မူလအခြေခံရှိပြီး ဈေးကွက်ရရှိထားသော ဒေသထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ MSME များအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် (Work Plan)၊ ပြီးစီးအောင် ဆောင်ရွက်မည့်ကာလ (Time Line) တို့ကို စနစ်တကျ ပြုစုရေးဆွဲပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုနိုင်သော အလားအလာရှိသည့် အမှန်တကယ် အလုပ်လုပ်ကိုင်သောလုပ်ငန်းများကိုသာ ရွေးချယ်၍ ချေးငွေထုတ်ပေးပြီး တွန်းအားပေး ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/မရှိကိုလည်း ပြန်လည်သုံးသပ်စစ်ဆေးရန်လိုကြောင်း၊ စိုက်ပျိုးရေနှင့် မြေရရှိရေး၊ နည်းပညာ၊ အရင်းအနှီးနှင့်ဈေးကွက်ရရှိရေးတို့အပေါ် ကူညီဆောင်ရွက်နိုင်ရန် တင်ပြသော်လည်း ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ ရွေးချယ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က One Region One Product အနေဖြင့် ဒေသတစ်ခုမှသည် တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိ အလားအလာရှိသည့် MSME ထုတ်ကုန်ပစ္စည်းများကို ရွေးချယ်သင့်ကြောင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ပပို့ကုန်များအဖြစ် သစ်၊ ဝါးအခြေခံလုပ်ငန်းများ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ၊ ကြိမ်အချောထည်ပစ္စည်းများ၊ ဆားလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် လိုကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် One Region One Product ထုတ်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်မည့် ထုတ်ကုန်အမယ်သစ်များ ဖြစ်သင့်ကြောင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းများတွင် "မြန်မာပြည်တွင်ထုတ်လုပ်သည်" (Made in Myanmar) တံဆိပ်ကပ်နှိပ်နိုင်သည့် ထုတ်ကုန်အမယ်များကို ဦးစားပေးသင့်ကြောင်း၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် လိုအပ်သောနည်းပညာ၊ သယ်ယူပို့ဆောင်မှု၊ ရောင်းချဖြန့်ဖြူးမှု၊ ပြည်ပသို့တင်ပို့မှုနှင့်ပတ်သက်၍ ချမှတ်ထားသည့် မူဝါဒ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေး ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှသာ MSME လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြု ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုပြုစုထားရှိသော စာရင်းများသည် ဝန်ကြီးဌာနများမှ အဆိုပြုထားသည့် သဘောထားမှတ်ချက်များနှင့် အသုံးအနှုန်းများဖြင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများ၏ သဘောထားမှတ်ချက်များနှင့် စာရင်းဇယားအချက်အလက်များပေါ်တွင် မူတည်ပြီး မူလက ပြုစုထားသည့် ထုတ်ကုန်အမယ် ၂၂၂ မျိုး အား ဖြည့်စွက်၍ ထုတ်ကုန်အမယ် ၆၁၂ မျိုးကို ပြန်လည်ပြုစုတင်ပြခြင်းဖြစ်ကြောင်း၊ ဆန်မှထုတ်လုပ်သည့် မူရင်းထွက်ကုန် ဆန်၊ စပါး၊ ဖွဲနု သုံးမျိုးတွင် အဆင့်(၁) တန်ဖိုးမြှင့်ထုတ်ကုန် ပေါင်းဆန်၊ မုန့်မျိုးစုံ၊ ကြာဆံ၊ မုန့်တီ၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ အရက်၊ မြူစွမ်နှင့် ဆန်မှုန့်ဟူ၍ ရှစ်မျိုး၊ အဆင့်(၂)တန်ဖိုးမြှင့်ထုတ်ကုန် အာဟာရဖြည့် ဆန်၊ ဆီးချိုဆန်၊ အသင့်စားဆန်ပြုတ်၊ မုန့်တီ၊ မုန့်ဖတ်ခြောက်၊ တိရစ္ဆာန်အစာ၊ ဆန်လှော်မှုန့်နှင့် ခေါက်ဆွဲခြောက်ဟူ၍ ခြောက်မျိုး ဖြည့်စွက်၍ ပြုစုထားကြောင်း၊ ကောက်ညှင်းအခြေခံသော စားသောက်ကုန်တွင် အဆင့်(၁) တန်ဖိုးမြှင့်ထုတ်ကုန် မုန့်မျိုးစုံ၊ ကောက်ညှင်းအရက်၊ အဆင့်(၂) တန်ဖိုးမြှင့်ထုတ်ကုန် ကောက်ညှင်းခြောက်နှင့် ကောက်ညှင်းမှုန့်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း၊ အသားနှင့်ပတ်သက်၍ မူရင်းတိရစ္ဆာန် အမျိုးအစားတွင် နွားနောက်အား ထပ်မံဖြည့်စွက်ထားပြီး တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်(၁) အနေဖြင့် အသားခြောက်၊ ကြက်အူချောင်း၊ ဝက်အူချောင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်၊ အဆင့်(၂)တွင် အေးခဲအသား၊ စည်သွတ်ဘူး၊ အသားမွှကြော်၊ အသင့်စားအသားကြော်များ၊ မူရင်းထုတ်ကုန်သားရေကို တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်(၁) ဖိနပ်၊ အသုံးအဆောင်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က နေပြည်တော် ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)တွင် ပညာသင်ယူလျက်ရှိကြသည့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။



**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်က အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုအဖြစ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်ပေးနေမှု၊ မွေးမြူရေးကဏ္ဍပြောင်းလဲ တိုးတက်ရေးအတွက် လူငယ်ပညာရှင်များ အခန်းကဏ္ဍ၏ အရေးပါမှု၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာအားကောင်းစွာဖြင့် မိမိတို့ကိုယ်စီ၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးကြိုးပမ်းသွားကြရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် ဆောင်ရွက်တတ်သည့် အလေ့အထ၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေပေါင်းသင်းဆက်ဆံတတ်သည့် အလေ့အကျင့်များကို ပညာသင်ကာလမှာပင် တစ်ပါတည်း ဖြည့်ဆည်းအားထုတ်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေး သုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး နည်းပညာပြန့်ပွားရေး ဝန်ထမ်းများနှင့် သုတေသီများ အပြန်အလှန် ပေါင်းကူး ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးသုတေသနဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် အပင်နှင့်ငါး တွဲဖက်၍ ပတ်ဝန်းကျင်အကျိုးပြုမြေမဲ့ စိုက်ပျိုးမွေးမြူရေးစနစ် (Aquaponics ) သုတေသန ဆောင်ရွက်နေမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မွေးမြူရေးသုတေသန ဦးစီးဌာနအနေဖြင့် အစာဆေးဝါးသုတေသန၊ ဇီဝမျိုးရိုး ငါးသုတေသန၊ နည်းပညာထုတ်ကုန် အသားသုတေသန၊ ရောဂါပိုးမွှား အသားသုတေသန၊ အပင်မျှော်လေးနှင့် သတ္တမျှော်လေး မျိုးသန့်ရရှိစေရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေး သုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာ ထုတ်လုပ်ရေးသုတေသန၊ အပင်စွန့်ပစ်ပစ္စည်းမှ တိရစ္ဆာန်အစာ သုတေသန လုပ်ငန်းများနှင့် အောဂဲနစ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မယ်ဇလီမြိုင်ကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး မယ်ဇလီမြိုင် ရွာသူ ရွာသားများကိုယ်စား ရပ်မိရပ်ဖ ဦးပြားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့သည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးငိုပွယ်တို့က ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ လမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၀၈၉ သန်းဖြင့် လမ်းအကျယ် ၁၂ပေ၊ အရှည်ပေ နှစ်ထောင်နှင့် တံတားတစ်စင်းကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# ကန်ကြီးထောင့်မြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ထုတ်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကန်ကြီးထောင့်မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံရာ ဦးစွာ မြို့နယ်ဦးစီးမှူးက မြို့နယ်ရုံး၏ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ သိမ်းဆည်းထားရှိမှုနှင့် ရုံးခန်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါမြို့နယ်ရုံး၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးကာ e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး




လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို ရင်းနှီးချစ်ကြည်စွာဖြင့် လက်ရည်တစ်ပြင်တည်း အတူတကွသုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးသည် မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ e-Government စနစ် အကောင်အထည်ဖော်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်ကိုလည်း မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားအသစ်လျှောက်ထားရယူသူများကို Biographic/Biometric ကောက်ယူကာ ရုံးချုပ်ရှိ e-ID Server ရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၍ Unique ID နံပါတ်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းစဉ်သည်လည်း တိကျမှန်ကန်သော မဲစာရင်းပြုစုရာတွင် လည်းကောင်း၊ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြား ရရှိကိုင်ဆောင်နိုင်ရေးအတွက်လည်းကောင်း များစွာအထောက်အကူပြုသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သကဲ့သို့ သတ်မှတ်ကာလအတွင်း လျာထားချက်များ ပြည့်မီပြီးစီးရမည့် လုပ်ငန်းစဉ်များဖြစ်သည်နှင့်အညီ ဝန်ထမ်းအားလုံးက ဒေသအာဏာပိုင်များ၊ ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့်ရှင်းလင်းမှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ရာသီမရွေး ရေလုံလောက်စွာ အသုံးပြုနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ရာသီမရွေး ရေလုံလောက်စွာ ရရှိရေး အေးသာယာမြို့ရှိ သစ်ပင်ထောင် ရေထွက်ရှိရာနေရာမှ သင်တန်းစင်တာသို့ ရေသွယ်တန်းနိုင်ရန် ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် အေးသာယာမြို့ အမှတ်(၂) ရပ်ကွက် သစ်ပင်ထောင် ရေထွက်ရှိရာနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်း စင်တာအတွက် သစ်ပင်ထောင် ရေထွက်ဧရိယာနေရာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်သွားရေး၊ ရေတင်မော်တာ စက်တပ်ဆင်သွားရေး၊ သစ်ပင်ထောင်ရေထွက်နေရာမှ သင်တန်းစင်တာသို့



ရေပိုက်လိုင်းများ သွယ်တန်းရေးနှင့် လျှပ်စစ်မီးတပ်ဆင်သွယ်တန်းရန် ကိစ္စရပ်များကို ဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ နှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)တို့သည် အိန္ဒိယနိုင်ငံ Maitry Peace Foundation က ပေးအပ်သော International Buddha Peace Award 2024 ဆုကို ရရှိခဲ့ပြီး ယင်းဆုကို အိန္ဒိယနိုင်ငံ ဗဟိုအစိုးရဝန်ကြီး Ramdas Athawale က Embassy Auditorium Chanakyapuri. New Delhi ၌ ပေးအပ်ချီးမြှင့်ရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က လက်ခံရယူခဲ့ကာ ဖေဖော်ဝါရီ ၇ ရက်တွင် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်

# ကော့မှူးမြို့နယ်၌ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကော့မှူး ဖေဖော်ဝါရီ ၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များ၌ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုကို ကော့မှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး



ထွန်းဇော်မင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်သူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

တွေ့ဆုံမေးမြန်း - အောင်ရဲသွင်
ဓာတ်ပုံ - ဖိုးပြည့်စုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲတော်ကြီးတွင် ပါဝင်ပြသကြမည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းများအလိုက် မိမိတို့ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာအစားအစာများကို ပြည်သူများအား ခင်းကျင်းပြသရောင်းချနိုင်ရေး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။


ဦးတင်ဦး


ဦးကျော်မင်းခိုင်


ဦးစိန်ထွန်းလှ


ဦးဇော်ထွန်းအောင်


ဦးသိန်းဆွေ


ဒေါ်ဝတ်ရည်ဖြိုး

ထို့ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပွဲတော်အတွင်း ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေနှင့် ခင်းကျင်းပြသရောင်းချသွားမည့် ဒေသထွက်ထုတ်ကုန်များ၊ ရိုးရာအစားအစာများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်–

**ဦးတင်ဦး**
**(စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုက MSME ထုတ်ကုန် အရောင်းပြပွဲနဲ့ ရိုးရာအစားအစာ အရောင်းပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ လာရောက်ခင်းကျင်းပြသခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကနေ ထွက်ရှိတဲ့ ကုန်ကြမ်းကို အခြေခံတဲ့ ထုတ်ကုန်တွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ပြောင်းလဲပြီး သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်နိုင်ဖို့ လမ်းညွှန်ထားပါတယ်။ ဒါကြောင့် ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်အရောင်းပြခန်းမှာဆိုရင် စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဦးစားပေးပြသထားပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးပြခန်းမှာ ကြံထွက်နှုန်းတွေကောင်းမွန်ဖို့အတွက် ပြည်တွင်းစက်မှုကုန်ကြမ်းအနေနဲ့ တီထွင်ထားတဲ့ ကြံမျိုးချစက်ယန္တရားနဲ့ ကြံမြေသြဇာကြဲပက်စက်တွေကို ပြသထားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တီထွင်ထားတဲ့ စက်မှုတန်ဖိုးမြင့် ထုတ်ကုန်တွေကိုလည်း အရောင်းပြခန်းမှာ ပြသထားရှိမှာဖြစ်ပါတယ်။ One Region One Product ဆိုတဲ့ မူအရ တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ခရိုင်ခြောက်ခရိုင်နဲ့ မြို့နယ် ၂၈ မြို့နယ်ရဲ့ ထုတ်လုပ်တဲ့ထုတ်ကုန်တွေကို ကဏ္ဍအလိုက် ပြသထားရှိမှာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ MSME အရောင်းပြခန်းနဲ့ တွဲဖက်ပြီး ရိုးရာအစားအစာအရောင်းဆိုင်မှာလည်း လူကြိုက်များပြီး ထင်ရှားကျော်ကြားတဲ့ အစားအစာတွေကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထုတ်လုပ်တဲ့MSME ထုတ်ကုန်အရောင်းပြခန်းတွေကို ပြသမှာဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ ကုန်စည်အမျိုးအစားများနဲ့ ရိုးရာအစားအစာများကို ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူခွင့်ရရှိမှာ ဖြစ်တဲ့အတွက် လာရောက်လေ့လာအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မင်းခိုင်**
**(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်ကိုယ်စားပြုပြခန်းမှာ တာဝန်ခံအနေနဲ့ဆောင်ရွက်ပါတယ်။ ဒီပြပွဲမှာ ကျွန်တော်တို့ဒေသထွက် ကျောက်စိမ်း၊ ပယင်း၊ တစ်သျှူးငှက်ပျော၊ ပြောင်းဖူးတွေကို အဓိကပြသသွားမှာဖြစ်ပါတယ်။ ကချင်တိုင်းရင်းသားတွေရဲ့ရိုးရာအစားအသောက်တွေကိုလည်း စုံစုံလင်လင်ရောင်းချသွားမှာပါ။ ဒီပြပွဲကြီး ကျင်းပပေးခြင်းအားဖြင့် ကျွန်တော်တို့တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ တွေ့ဆုံရသလို နိုင်ငံ့စီးပွားရေးတိုးတက်စေဖို့အတွက်လည်း အကျိုးကျေးဇူးများစွာ ရရှိမှာဖြစ်ပါတယ်။ ပြပွဲကြီးဟာ MSME လုပ်ငန်းရှင်တွေကိုလည်း အများကြီး အထောက်အကူပြုမယ်လို့ထင်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးက ပြည်သူတွေကိုလည်း ပြပွဲကြီးကို လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။


(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ဦးစိန်ထွန်းလှ**
**(တိုင်းရင်းသားရေးရာဝန်ကြီး၊ ချင်းပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်ကတော့ ချင်းပြည်နယ်ကိုယ်စားပြုပြခန်းတာဝန်ခံဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အနေနဲ့ ဒေသထွက်ခေါင်ရည်၊ ဝိုင်၊ ခေါက်ဆွဲခြောက်၊ တီးတိန်ကော်ဖီ၊ နွားနောက်သားခြောက်၊ အထည်အလိပ်တွေကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ချင်းပြည် နယ်ထွက်ကုန်တွေကို လူတိုင်းက စိတ်ဝင်စားကြပါတယ်။ဒါကြောင့် ဒေသထွက်ကုန်တွေကို စုံစုံလင်လင်ဖြစ်အောင် ပြသသွားမှာဖြစ်ပါတယ်။ ဒီလိုပါဝင်ပြသခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ဒေသခံတွေအနေနဲ့လည်း ကိုယ့်ဒေသထွက် ကုန်တွေကိုတစ်နိုင်ငံလုံးက သိသွားကြတဲ့အတွက် ဝမ်းသာပီတိဖြစ်နေကြပါတယ်။ ချင်းပြည်နယ်မှာ လူမျိုးနွယ်စု ၅၃ မျိုးရှိပါတယ်။ ဒီလူမျိုးနွယ်စုတွေရဲ့ အဓိကအစားအသောက်တွေကိုလည်း ရောင်းချသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ချင်းပြည်နယ်ရဲ့ ထွက်ကုန်တွေ၊ ရိုးရာအထည်အလိပ်တွေနဲ့ အစားအသောက်တွေကို လာရောက်ကြည့်ရှုလေ့လာကြပါလို့ ချင်းပြည်နယ်ကိုယ်စား ဖိတ်ခေါ်လိုက်ရပါတယ်။

**ဦးဇော်ထွန်းအောင်**
**(တာဝန်ခံ၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်များအရောင်းပြခန်း)**

လက်ရှိကျွန်တော်တို့မှာ MSME ထုတ်ကုန်အရောင်းပြခန်းနဲ့ ဒေသထွက်ရိုးရာအစားအစာပြခန်းဆိုပြီး ပြခန်းနှစ်ခန်း စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီပြခန်းတွေအားလုံး ၉၀ရာခိုင်နှုန်းလောက် ပြင်ဆင်ဆောင်ရွက်ပြီးပါပြီ။ မကွေးတိုင်းဒေသကြီးကတော့ အများသိကြတဲ့အတိုင်း ဆီအိုးကြီးဒေသဖြစ်ပါတယ်။ ဒါကြောင့် မကွေးတိုင်းကထွက်ရှိတဲ့ မြေပဲဆီ၊ နှမ်းဆီတွေကို ရောင်းချသွားပါမယ်။ နောက်ပြီး ဒီမြေပဲဆီ၊ နှမ်းဆီထုတ်လုပ်တဲ့ သစ်သားဆုံဆီကိုလည်း ပြကွက်တစ်ခုအနေနဲ့ ပြသသွားမှာဖြစ်ပါတယ်။ နောက်ပြီး ပခုက္ကူမြို့ကထုတ်တဲ့ ချည်ထည်အမျိုးမျိုးနဲ့ မင်းလှဒေသကထွက်တဲ့ လက်ရက်ကန်းချည်ထည်တွေကိုလည်း ရောင်းချသွားမှာ ဖြစ်ပါတယ်။ စလေကထွက်တဲ့ ဇီးဖျော်ရည်လုပ်ငန်းတွေအပြင် အမျိုးအစားစုံလင်အောင် ရောင်းချသွားမှာဖြစ်ပါတယ်။ ဒီလို MSME ထုတ်ကုန်တွေ ပြသရတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့စီးပွားရေးလုပ်ငန်းတွေအတွက်လည်း များစွာအကျိုးရှိစေမှာဖြစ်ပါတယ်။ ပြပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဒေသထွက်ကုန်တွေကို အများပြည်သူသိရှိအောင် ပြသနိုင်မယ့်အခွင့်အလမ်းလည်း ရရှိစေမှာ ဖြစ်ပါတယ်။ လာရောက်ရောင်းချတဲ့လုပ်ငန်းရှင်တွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မိပြီး ဈေးကွက်ကျယ်ပြန့်စွာရရှိစေမှာ ပဲဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒေသအလိုက် ထုတ်ကုန်တွေနဲ့ ရိုးရာအစားအစာတွေကို လေ့လာကြည့်ရှုပြီး ကြိုက်နှစ်သက်ရာကို အားပေးဝယ်ယူနိုင်ကြမှာဖြစ်ပါတယ်။

**ဦးသိန်းဆွေ**
**(တာဝန်ခံ၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်များအရောင်း ပြခန်း)**

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ပြခန်းသုံးခုဖွင့်လှစ်ပြသမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်နဲ့ အတူ သီလဝါစက်မှုဇုန်မှာရှိတဲ့ ကုန်ထုတ်လုပ်ငန်းပြခန်း၊ MSME ပြခန်း၊ ဒေသထွက်စားသောက်ကုန်ပြခန်းတွေပဲ ဖြစ်ပါတယ်။ စက်မှုဇုန်ပြခန်းမှာဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာထွက်တဲ့ ပြည်တွင်းထုတ်ကုန်တွေအားလုံးကို တန်ဖိုးမြင့်ထုတ်လုပ်နိုင်တဲ့

စာမျက်နှာ ၁၀ သို့ ❖

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြား



နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်သည် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ သင်တန်းတက်ရောက်လျက်ရှိသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်ရှိ သင်ကြားရေးနှင့် အုပ်ချုပ်မှုဌာနအသီးသီးမှ ဆရာ ဆရာမ နိုင်ငံ့ဝန်ထမ်းများကို ရတနာသိဃ်ခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**မှာကြား**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်က အစိုးရက ဦးဆောင်ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် **အင်အားကောင်းသော၊ လုပ်ငန်းကျွမ်းကျင်မှုရှိသော၊ စည်းကမ်းရှိသော၊ စနစ်တကျ ဆောင်ရွက်နိုင်စွမ်းရှိသော** နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းအားသည် အရေးကြီးဆုံးသော ကနဦးလိုအပ်ချက်တစ်ချက်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို အကာအကွယ်ပေးရန် အင်အားကောင်းသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ မဖြစ်မနေလိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် နိုင်ငံတော်ကို အကျိုးပြုရန်အတွက် စနစ်တကျဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းမှတစ်ဆင့် ကောင်းမွန်သော အစိုးရဖြစ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်**ဆောင်ပုဒ်ကို အခြေခံအုတ်မြစ်တစ်ခုအဖြစ် ချမှတ်ထားသည်ကို သိကြစေလိုကြောင်း၊ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဩဇာအာဏာထူထောင်ရန် မဟုတ်ဘဲ ပြည်သူလူထုအကျိုးကိုသာ ရှေးရှုပြီး အာဏာကို ကန့်သတ်ရန်၊ အာဏာကို ဖြန့်ခွဲရန်စသည့် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ အနှစ်သာရ သဘောတရားများနှင့်အညီ အစိုးရအဖွဲ့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ **ရွေးချယ်ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်ပေးရေး၊ တည်ငြိမ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးသည် လွန်စွာ**အရေးကြီးပါကြောင်း၊ သို့အတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွဲ့စည်းပြီး **စည်းကမ်းရှိ၍ စနစ်တကျလုပ်ဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်း အမှုထမ်း၊ အရာထမ်းများဖြစ်စေရန်၊ ဌာနဆိုင်ရာအလိုက် သီးခြားလိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများသင်ကြားလေ့ကျင့်ပေးပြီး ကဏ္ဍနယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးရန်နှင့် သီးခြားစီ တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများကို ဆက်စပ်ဆောင်ရွက်နိုင်ရန် အတွက် စီမံအုပ်ချုပ်မှုယန္တရား ဖွဲ့စည်းတည်ဆောက်ပေးရန်**ဟု ရည်မှန်းချက်များ ထားရှိဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လေ့ကျင့်သင်ကြားရေးအပိုင်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ တာဝန်ယူသည့်ကာလအတွင်း နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၃၇၅၁၄ ဦးကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း၊ သင်တန်းတက်ရောက်ရန်အတွက် ဝန်ထမ်း၏ကျန်းမာရေးကို ဂရုတစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း သွားလာရေးအခက်အခဲကြောင့် သင်တန်းသား ၂၉၇ ဦး ကင်းလွတ်ခွင့်ပေးခဲ့ပြီး ကျန်းမာရေးကိစ္စကြောင့် စနစ်တကျဆေးကုသခံယူရန် သင်တန်းကင်းလွတ်ခွင့်ဖြင့် ၇၃ ဦး ပြန်လည်စေလွှတ်ခဲ့ပါကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများ၏ ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကိုလည်း မျက်ခြည်မပြတ် မိဘသဖွယ် ဆောင်ရွက်ပေးနေသည်**ကို သိရှိကြစေလိုပြီး တစ်ဦးချင်းစီမှလည်း **ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေး ကောင်းမွန်ပြည့်စုံနေရန် ကိုယ်စီထိန်းသိမ်းကြရမည်**ဟူသော အသိရှိနေရန် လိုပါကြောင်း။

မိမိတို့နိုင်ငံအပေါ်မှာ အခွင့်အရေးယူလိုသော နိုင်ငံများ၊ မဟာဗျူဟာအရ အသုံးချလိုသော အင်အားကြီးနိုင်ငံများ၊ နိုင်ငံရေးမျိုးစေ့မမှန်သော ပြည်တွင်းမှ အခွင့်အရေးသမားများ ပေါင်းစပ်မိပြီး ပေါ်ထွက်လာခဲ့သည့် အကြမ်းဖက်အကျပ်ကိုင်ခဲ့မှုများကြောင့် မတည်မငြိမ်ဖြစ်ပြီး ကျဆင်းခဲ့ရသည့် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ကုသမှုလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်း ဖန်တီးပေးနိုင်မှု အခြေအနေများနှင့် ကသောင်းကနင်းဖြစ်လျက်ရှိသော အခြေအနေအရပ်ရပ်ကို ပြန်လည်တည့်မတ်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာ အချို့သောအကျပ်အတည်းများကြားမှ ပြည်သူလူထု၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်က အရှေ့တောင်အာရှမှာ အင်အားကြီးသော လက်နက်နိုင်ငံတော်တစ်ခုဖြစ်ခဲ့ရာမှ အားနည်းသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၊ မပီပြင်သည့် စီမံအုပ်ချုပ်ရေးအခြေအနေ ဖြစ်ပေါ်ခဲ့ချိန်များတွင် အချုပ်အခြာအာဏာ ဆုံးရှုံးရသည်အထိ ဖြစ်ခဲ့သည့်သမိုင်းကို မမေ့ရန်လိုကြောင်း၊ နောက်ထပ် အလားတူအမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျ အားကောင်းသော စီမံအုပ်ချုပ်မှုစနစ် (နိုင်ငံ့ဝန်ထမ်းစနစ်) တည်ဆောက်ရန် ဝိုင်းဝန်းကြိုးပမ်းသွားရန် လိုအပ်ကြောင်း။

သို့အတွက် မွန်မြတ်သောတာဝန်များကို ထမ်းဆောင်နိုင်ရန် ဝန်ထမ်းတစ်ဦးချင်းစီကလည်း မိမိတို့၏ ကိုယ်ကာယကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ကြရန်နှင့် သမိုင်းသင်ခန်းစာများကို သိရှိကြပြီး မိမိတို့တာဝန်ထမ်းဆောင်သော ဝန်ထမ်းအဖွဲ့အစည်းများ ခိုင်မာအားကောင်းပြီး ပြည်သူလူထုနှင့် နိုင်ငံတော်မှ အားကိုးအားထား ပြုထိုက်သူများဖြစ်စေရန် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအနေဖြင့် အမြဲအမှတ်တရ သတိထားကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသော ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❖ **စာမျက်နှာ ၉ မှ**

စက်ရုံတွေ ပါဝင်ပြသမှာပဲဖြစ်ပါတယ်။ စားသောက်ဆိုင်တွေမှာလည်း မြန်မာ့မုန့်မျိုးစုံကို ရောင်းချသွားမှာဖြစ်ပါတယ်။ ဒီလို ပြပွဲပြုလုပ်ခြင်းအားဖြင့် လုပ်ငန်းရှင်တွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် ချိတ်ဆက်မှုတွေရရှိပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တခြားပြခန်းတွေက အဆင့်မြင့်မြင့်ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကိုလည်း လေ့လာခွင့်ရမှာဖြစ်တဲ့အတွက် အကျိုးကျေးဇူးရရှိစေမှာဖြစ်ပါတယ်။ ပြည်သူတွေအားလုံးလည်း ပြပွဲကြီးကို လာရောက်ပြီး MSME ထုတ်ကုန်တွေကိုလေ့လာကာ ဒေသထွက်အစားအစာတွေကို လာရောက်မြည်းစမ်းကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဒေါ်ဝတ်ရည်ဖြိုး(အဖွဲ့ဝင်၊ MSME ထုတ်ကုန်များအရောင်းပြပွဲ အခမ်းအနားဖြစ်မြောက်ရေးဆပ်ကော်မတီ)**

ကျွန်မတို့နိုင်ငံမှာ MSME လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေရဲ့ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းမှာ ခင်းကျင်းပြသထားတဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့ သတင်းအချက်အလက်တွေဖလှယ်နိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ကျွန်မတို့နိုင်ငံမှာ ပြည်ပတင်ပို့နေတဲ့ ဒေသထွက်ကုန်တွေလည်းရှိပါတယ်။ ပြပွဲကတစ်ဆင့် ဒီထွက်ကုန်တွေလည်း ပြည်ပကို ပိုမိုတင်ပို့နိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး တိုင်းရင်းသားရိုးရာအစားအသောက်တွေကိုလည်း ခင်းကျင်းပြသရောင်းချသွားမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးကို သွားစရာမလိုဘဲ ရိုးရာအစားအစာစစ်စစ်ကိုလည်း ခံစားရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ နေပြည်တော်ကိုယ်စားပြုပြခန်းမှာ နေပြည်တော်ရဲ့ နာမည်ကြီးဒေသထွက်ကုန်တွေကို ပြသသွားမှာဖြစ်ပါတယ်။ ပြည်ပတင်ပို့နေတဲ့ နေပြည်တော်ဒေသထွက်ကုန်တွေအပြင် သုံးဘီးဆိုင်ကယ်တွေကိုလည်း ပြခန်းမှာ ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ဒီပြပွဲကြီးကတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်မှ တိုင်းရင်းသားတွေ စုစည်းရတဲ့အတွက် ပျော်ရွှင်စရာကောင်းပါတယ်။ ဒေသရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လေးတွေကိုလည်း ကျွန်မတို့ လေ့လာခွင့်ရရှိမယ်။ နောက်ပြီး ပွဲတော်အတွင်းမှာ ချစ်စရာကောင်းတဲ့ တိုင်းရင်းသားရိုးရာအကအလှတွေကိုလည်း ခံစားရမှာဖြစ်တဲ့အတွက် မိဘပြည်သူတွေ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**စည်းလုံးခြင်းသည် အင်အား**
**ပြည်ထောင်စု၏ စွမ်းပကား**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(စကု)၊ မကွေးရှိ ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး



မကွေး ဖေဖော်ဝါရီ ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက မင်းဘူးမြို့နယ်ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(စကု)သို့ ရောက်ရှိပြီး ဘာသာရပ် သင်ခန်းစာများကို အေးချမ်းပျော်ရွှင်စွာ စိတ်ပါဝင်စားစွာ သင်ကြားလျက်ရှိသော ကျောင်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သင်တန်းသားများအား နည်းပညာအရည်အသွေးပြည့်ဝအောင် ပျိုးထောင်ပေးရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(မကွေး)သို့ရောက်ရှိပြီး တွေ့ဆုံပွဲတွင် ဒုတိယပါမောက္ခချုပ်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြသလွန် စေတီတော်မြတ်ကြီး Website တည်ထောင်မှု၊ ဦးစီးဌာနနှင့် ဒေသတွင်း အချက်အလက် စီမံခန့်ခွဲမှုစနစ်တို့ တည်ထောင်မှု၊ e-Government ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ ပညာရေးဝန်ကြီးဌာနက ကျေးရွာပေါင်းနှစ်သောင်း၌ ဆောင်ရွက်မည့် စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် "ဝ၊ ထ၊ က၊ လ၊ သ" Mobile Application ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဒေသတွင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရင်း ဆရာများ၊ ကျောင်းသားများ၏ စွမ်းရည်များကို မြှင့်တင်ဆောင်ရွက်သွားရန် ကျောင်းသားများအား တိုင်းကျိုးပြည်ပြု IT ပညာရှင်ကောင်းများ ဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားပြီး တာဝန်ရှိသူများနှင့် ကျောင်းသားများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နည်းပညာတက္ကသိုလ်(မကွေး)သို့ ရောက်ရှိပြီး တွေ့ဆုံပွဲတွင် ဒုတိယပါမောက္ခချုပ်က ဇီဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် အခြားဒေသအကျိုး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော် ရေရှည်အကျိုးစီးပွားကို လက်တွေ့ကျကျ ဖြစ်ထွန်းစေသည့် သုတေသနလုပ်ငန်းများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကျောင်းသားများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများနှင့် ကျောင်းသားများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ရှေးဟောင်းရေကန် (၄၆)ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများ အနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်(ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ(ဖုန်း၊ ၀၉-၅၀၆ ၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ(ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ(ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီးအတွင်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ရှိ ဒေါင်းနေ အမြဲတမ်းပျိုးဥယျာဉ်၌ ဒေသခံ များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာ စကားပြောကြားပြီး တက်ရောက် လာသော ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် ဒေသခံများ ကို သင်ကြားရေး အထောက်အကူ ပြုပစ္စည်းများ၊ ထောက်ပံ့ငွေနှင့် စွမ်းအင်ချွေတာနိုင်သော စွမ်းအား မြင့်မီးဖိုများပေးအပ်ပြီး ပျိုးဥယျာဉ် အတွင်း သစ်မျိုး ၁၂ မျိုးဖြင့် ပျိုးပင် တစ်သိန်းကျော် ပျိုးထောင်ထားရှိ မှုကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် မကွေးမြို့နယ် ဂုံကြီးကုန်းကျေးရွာရှိ (၁/၂၀၂၂) ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၂၀ နှင့် (၁/၂၀၂၃)ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၂၀ ရှင်သန် အောင်မြင်မှုကို လည်းကောင်း၊ မကွေးမြို့ မြို့မပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၇ မျိုးဖြင့် ပျိုးပင် ၇၅၀၀၀ ကျော် ပျိုးထောင်ထားရှိမှု နှင့် ပျိုးပင်များ၏ ကြံ့ခိုင်သန်စွမ်းမှု အခြေအနေကို လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီး ဌာနရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်း များနှင့် တွေ့ဆုံ၍ သဘာဝ သစ်တောများ ထိန်းသိမ်းခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊



ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော များနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်း ခြင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ များ ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူ ခြင်းများ တားဆီးရေးလုပ်ငန်းများ ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် အဂတိတရားကင်းရှင်း စွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မကွေးခရိုင် မြို့သစ် မြို့နယ် မြို့သစ်ကြိုးဝိုင်း အကွက် အမှတ်(၄)၊ (၅)၊ (၆)ရှိ သဘာဝ တောကျန်များ ထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်း ဧက ၁၀၀၀ အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ငမင် ကြိုးဝိုင်း အကွက်အမှတ်(၂၁၆)ရှိ (၁/၂၀၂၀) စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၅၀ ရှင်သန်အောင်မြင်နေမှု၊ ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၁၆)၊ (၂၁၈)ရှိ တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်မျိုးစုံစိုက်ခင်း ဧက (၁၀၀) ရှင်သန်အောင်မြင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၁၅) ရှိ (၁/၂၀၁၂) စီးပွားရေးကျွန်း စိုက်ခင်း ၇၅ ဧကနှင့် အကွက် အမှတ်(၂၁၈)ရှိ (၂/၂၀၁၂) စီးပွားရေး ကျွန်းစိုက်ခင်း ၇၅ ဧက ပင်ကျပ် နုတ်ခြင်း ဆောင်ရွက်နေမှု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်အမှတ် (၂၉)၊ (၃၀) ရှိ ၂၀၁၉ ခုနှစ် သစ်မျိုးစုံ ဂေဟဖြည့်စိုက်ခင်း ဧက ၁၀၀ ရှင်သန်အောင်မြင်မှု အခြေအနေ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမ်းဗြဲမြို့ကို တပ်မတော်က လေကြောင်းမှ အဆိပ်ငွေ့သုံးကာ တိုက်ခိုက်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ကို တပ်မတော်က ဖေဖော်ဝါရီ ၇ ရက်တွင် လေကြောင်းမှ အဆိပ်ငွေ့ဗုံးများသုံးကာ တိုက်ခိုက်ခဲ့သည်ဟု မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

"တပ်မတော်သည် ရမ်းဗြဲမြို့တွင် အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခြင်းမရှိသလို အခြားမည်သည့်တိုက်ပွဲ များတွင်မှလည်း အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း များ မရှိကြောင်း"၊ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ များသည် တိုက်ပွဲများတွင် တပ်မတော်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများပြား လာပါက ထိုကဲ့သို့ ဝါဒဖြန့် ကောလာဟလသတင်းများကို လူမှုကွန်ရက်တွင် အချိန်ကိုက်ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရှားတောတွင် ကိုယ်ဝန်ဆောင်သည်အပါအဝင် ကလေး သုံးဦးနှင့် အမျိုးသမီး သုံးဦး အသတ်ခံရဟု မဟုတ်မမှန်သတင်းများ ရေးသားဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ဖေဖော်ဝါရီ ၅ ရက်တွင် နေရပ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည် အမျိုးသမီး သုံးဦးနှင့် ကလေး သုံးဦးကို တပ်မတော်က ပစ်သတ်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက် ရှိသည်ကို တွေ့ရသည်။

ထိုသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၅ ရက်တွင် ရှားတောဒေသအတွင်း တပ်မတော်က နယ်မြေလှုပ်ရှားသွားလာမှုမရှိ ကြောင်းနှင့် စစ်ဘေးရှောင်များကို သတ်ဖြတ်ခဲ့သည်ဆိုသည်မှာလည်း အခြေအမြစ်မရှိသည့် သတင်းမှားသာဖြစ်ကြောင်းနှင့် အကြမ်းဖက် အားပေးပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ကောလာဟလသတင်း များကို လုပ်ကြံရေးသား ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်အထိ တရုတ်နိုင်ငံသား ၄၈၈၀၃ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၀၇၁ ဦး၊ ထိုင်းနိုင်ငံသား ၅၃၇ ဦး၊ မလေးရှားနိုင်ငံသား ၁၃၃ ဦး၊ ကိုရီးယားနိုင်ငံသား ၂၀ နှင့် လာအိုနိုင်ငံသား ၁၈ ဦးတို့ အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၅၀၆၁၉ ဦးကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည် လွှဲပြောင်းပေးအပ် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများ စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည် လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လားရှိုးမြို့ရှိ စန်းရွှင်ဟိုတယ်အား KIO/KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က ဆက်ကြေးကောက်ခံရာ ပေးဆောင်ခြင်းမရှိ၍ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

လက်နက်ကိုင်သောင်းကျန်းသူများ၊ အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများနှင့် ရိုးသားစွာ စီးပွားရှာဖွေလုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအား လက်နက်အားကိုး၍ နိုင့်ထက်စီးနင်းပြုကာ အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ လုယက်ခားပြတိုက်ခြင်းနှင့် အခွန်ကောက်ခံသည်ဟု အကြောင်းပြကာ မတရားဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်လျက်ရှိပြီး ၎င်းတို့၏လိုလားချက်အပေါ် လိုက်ပါ ဆောင်ရွက်ခြင်းမရှိပါက လူပြန်ပေးဆွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၇)၊ နယ်မြေ(၁၁) သုခလမ်းရှိ စန်းရွှင်ဟိုတယ်ရှေ့တွင် ဒေသန္တရမိုင်းဟု ယူဆရသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် အဆိုပါ ဟိုတယ်မှ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးဆေးပလလယ်(၂၇ နှစ်) ရပ်ကွက်(၇) နယ်မြေ(၁၀)နေသူတွင် ယာလက်ကောက်ဝတ် မိုင်းစထိမှန်ဒဏ်ရာတစ်ချက်နှင့် ဟိုတယ်ရှေ့မှ ဖြတ်သန်းသွားလာသူ မချောစုအောင် (၁၈ နှစ်) ရပ်ကွက်(၅) နယ်မြေ(၄)နေသူတွင် လည်ပင်းအရှေ့ ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲဘက်ညို့သကျည်းဖောက်ဝင်ဒဏ်ရာတစ်ချက်တို့ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး လားရှိုးမြို့ ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အနီးပတ်ဝန်းကျင်ရှိ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်နှင့် လုံခြုံရေးအထောက်အကူပြု မှတ်တမ်းများအား စိစစ်ချက်အရ အမျိုးသား နှစ်ဦးသည် KENBO 110 ဆိုင်ကယ်ဖြင့် ဟိုတယ်ရှေ့သို့ ရောက်ရှိလာပြီး ဆိုင်ကယ်အား ဟိုတယ်ရှေ့လမ်းဘေးတွင် ရပ်ထားခဲ့ကာ ၎င်းတို့ နှစ်ဦးပြန်လည်ထွက်ခွာသွားပြီး မကြာမီ အဆိုပါဆိုင်ကယ်မှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စိစစ်ချက်အရ ဖေဖော်ဝါရီ ၃ ရက် ရက်စွဲဖြင့် KIO/KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က အဆိုပါမိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် စန်းရွှင်ဟိုတယ်သို့လိပ်မူပြီး ၎င်းတို့အဖွဲ့ထံ ဖေဖော်ဝါရီ ၅ ရက်မတိုင်မီ အခွန်ငွေအား မပျက်မကွက်လာရောက်ပေးသွင်းရန်နှင့် လာရောက်ဆက်သွယ်ပေးသွင်းခြင်းမရှိပါက ပြင်းထန်စွာအရေးယူမည်ဟု ခြိမ်းခြောက်ရေးသားထားသော ဆက်ကြေးကောက်ခံသည့် အကြောင်းကြားစာအား လာရောက်ပေးပို့ခဲ့ပြီး ဟိုတယ်မှပေးသွင်းခြင်းမရှိသဖြင့် ယခုကဲ့သို့ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အဆိုပါ KIO/ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ အကြမ်းဖက်ဖောက်ခွဲခဲ့သူ အမျိုးသား နှစ်ဦးအား လားရှိုးမြို့ မရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၀(ဈ)/၅၄ နှင့် အမှုဖွင့်လှစ်ပြီး တရားခံများဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


SUT MASA MAGAM DAP
DINGDA GINWANG GINJAW
A-417 /R-1/ 5-Rev/ Bu/ 2024
ရက်စွဲ- ၂၀၂၄ ခုနှစ် Feb လ 3 ရက်
သို့
Sann Shwin
Hotel
အကြောင်းအရာ။ ၂၀၂၄ ခုနှစ်အတွက် အခွန်ပေးဆောင်ရန် အကြောင်းကြားခြင်း။
(KIO/KIA)
Feb လ (5) ရက်နေ့
Facebook/ Wechat/ Media
Warning
၃။ ဆက်သွယ်ရန်ဖုန်း။ ၀၉- 673 023 067
447 163 108
699 714 727

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၁)၊ သုခလမ်းရှိ စန်းရွှင်ဟိုတယ်သို့ KIO/KIA လက်နက်ကိုင် သောင်းကျန်းသူများမှ ၃-၂-၂၀၂၄ ရက်စွဲဖြင့် ပေးပို့ခဲ့သည့် ဆက်ကြေးတောင်းသည့်စာ။



မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဆိုင်ကယ်။




မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများဖြစ်ကြသည့် ဦးဆေးပလလယ်(၂၇)နှစ်နှင့် မချောစုအောင်(၁၈)နှစ်။




KIO/KIA လက်နက်ကိုင် သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၁)၊ သုခလမ်းရှိ စန်းရွှင်ဟိုတယ် တည်နေရာပြပုံ။

# သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဘိန်းဖြူအလေးချိန် ၃၃ ကီလို သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာမှ ပျော်ဘွယ်မြို့နယ် တောင်ဂွကျေးရွာသို့သွားသည့် တောင်ကြားလမ်း ကျွဲကျကျေးရွာ ချောင်းအနီး သတင်းအရ စောင့်ဆိုင်းနေစဉ် ညနေ ၆ နာရီတွင် ကြိုတင်သတင်းရရှိထားသည့် ကိုမျိုး၊ မျိုးမြင့်ထွန်းနှင့် ညွန့်ဝင်းတို့ သုံးဦးသည် မော်တော်ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာ၍ရှာဖွေရာ ဆာလာအိတ် ၁၅ အိတ်အတွင်းမှ ဆပ်ပြာခွက် ၃၃၀၀ ဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် ၃၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဘိန်းဖြူများ သယ်ဆောင်ခိုင်းသူ ဆန်းဦးနှင့် ပူးပေါင်းပါဝင်သူ အောင်ထွန်းလင်း(ခ) ချစ်သဲတို့အား ယင်းနေ့ ည ၈ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ မြို့မကွက်သစ်ရပ်ရှိ ကိုမျိုး၏ နေအိမ်မှ ဆပ်ပြာခွက် ၂၁၇၈ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူအလေးချိန် ၂၁ ဒသမ ၇၈ ကီလိုအား ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၆၉၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် ဘိန်းဖြူများ သယ်ဆောင်ခဲ့သည့် ၂၂ ဘီးတွဲယာဉ် မောင်းနှင်သူ လွင်မိုးသူ(ခ) မိုးသူအောင်အား တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် ၎င်းယာဉ်နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဇရပ်ကြီးမြို့အတွင်း လိုအပ်သောလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ အကြမ်းဖက်သောင်းကျန်းသူများက ပရဟိတလုပ်ငန်းသုံးယာဉ်များ အသုံးပြု၍ လက်နက်၊ ခဲယမ်း သယ်ဆောင်ခြင်းများ လုပ်ဆောင်နေ





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တပ်မတော်စစ်ကြောင်းများ အချိန်မီမရောက်ရှိစေရန်အတွက် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော ကျွဲပွဲ- ဇရပ်ကြီးသွားကားလမ်းပေါ်ရှိ မြို့ဆိုးတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

နေပြည်တော်　ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား ဖေဖော်ဝါရီ ၇ ရက်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်က လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ အောင်မြင်စွာဖြင့် ရှုပ်ရှုပ်ချုံချုံ ပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့သည်ကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## ဝင်ရောက်တိုက်ခိုက်

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယနေ့နံနက် ၆ နာရီခန့်တွင် ဇရပ်ကြီးမြို့အတွင်း အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဇရပ်ကြီးဒေသဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည့် ကျွဲပွဲ – ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား ( အရှည်ပေ ၁၂၀၀ ) သံကူကွန်ကရစ်အမျိုးအစား အများပြည်သူသွားလာ အသုံးပြုလျက်ရှိသော မြို့ဆိုးတံတားအား ဖေဖော်ဝါရီ ၇ ရက် နံနက် ၄ နာရီခွဲတွင် တပ်မတော်စစ်ကူ စစ်ကြောင်းများ ဇရပ်ကြီးမြို့သို့ အချိန်မီ မရောက်ရှိစေရေးအတွက် တံတားလုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားသုံး ပစ်ခတ်တိုက်ခိုက်၍ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့ပြီးမှ ဇရပ်ကြီးမြို့အတွင်းရှိ နယ်မြေခံတပ်ရင်းအား အရဖ်ဦးဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ဇရပ်ကြီးမြို့အရှေ့ဘက်အခြမ်း၌ ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ဇရပ်ကြီးမြို့အတွင်းနှင့် တပ်ရင်းဌာနချုပ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲဖြစ်စဉ်များအတွင်း ကားလမ်းဘေးနေရာတစ်ခု၌ လမ်းဘေးထိုးကျ ပျက်စီးနေသည့် အလင်းစေတမန် ပရဟိတအသင်းလူနာသယ်ယာဉ်တစ်စီးအား တွေ့ရှိခဲ့ပြီး ယာဉ်အားရှင်းလင်းခဲ့ရာ **စာမျက်နှာ ၁၄ သို့** ❖







KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် ပရဟိတအမည်ခံ အလင်းစေတမန်ယာဉ်အား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် အဆောက်အအုံအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံများ။





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မြို့တွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ကျေနပ်မှုမရှိသည့် ပြည်သူများက ပေးပို့လာသည့် မှတ်တမ်းဓာတ်ပုံများ။

# နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၉၆)နှစ် သိက္ခာ (၇၇)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော် (၁၄) ရက် (၈-၂-၂၀၂၄)ရက် နံနက် ၀၀ : ၀၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း (က)ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ခမည်းတော် ဦးဟောင်+မယ်တော် ဒေါ်နန်းပင်းတို့မှ ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် (၉)ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ် တပေါင်းလဆန်း (၁၅) ရက်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီ ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် ကဆုန်လဆန်း (၁၃)ရက်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီကို ဥပဇ္ဈာယ်ပြုလျက် ကျိုင်းတုံမြို့ ကျိုင်းယင်းရပ်ကွက်နေ ဦးဆန်း+ဒေါ်နန်းလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ရွာဦးကျောင်းဆရာတော်၊ ကျိုင်းယင်းကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မရံသီ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ရာ ၁၃၂၀ ပြည့်နှစ်တွင် ဂုံရှမ်းဘာသာဖြင့် ဖြေဆိုအောင်မြင်တော်မူပြီး မူလဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် နဂါးနှစ်ကောင်ပရိယတ္တိစာသင်တိုက်ကို စတင်တည်ထောင်ပြီး စာသင်တိုက်ခွဲလေးတိုက်တည်ထောင်ဖွင့်လှစ်ကာ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများ နှစ် (၅၀) တိုင်အောင် သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ရှမ်းတိုင်းရင်းသား ရဟန်းသာမဏေများကို အစိုးရ ပါဠိပထမပြန်မူအတိုင်း ဂုံရှမ်းဘာသာဖြင့် အကြိမ် (၅၀) တိုင် စာမေးပွဲများ နှစ်စဉ်ကျင်းပပေးခဲ့ခြင်း၊ ပိဋကတ်သုံးပုံ ကျမ်းစာများကို မြန်မာဘာသာမှ ဂုံရှမ်းဘာသာသို့ ပြန်ဆိုခဲ့ခြင်း၊ ပိဋကတ်သုံးပုံကျမ်းစာများကို ဂုံရှမ်းဘာသာဖြင့် ကျောက်စာရေးထိုးခဲ့ခြင်း၊ ၁၉၉၇ ခုနှစ်တွင် အလက ကျောင်းမြေနေရာနှင့် ကျောင်းအဆောက်အအုံများ လှူဒါန်းခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးကို ဦးဆောင်၍ တည်ထားခဲ့ခြင်း၊ ၂၀၀၇ ခုနှစ်တွင် တာချီလိတ်ဘိုးဘွားရိပ်သာနှင့်မိဘမဲ့လူငယ်(ပရဟိတ)ဂေဟာကို ဦးဆောင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း၊ ၂၀၀၄ ခုနှစ်တွင် မြို့နယ်သာသနာရေးမှူးရုံး မြေနေရာနှင့် ရုံးအဆောက်အအုံကို ဦးဆောင်၍ မတည်ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း၊ ၂၀၁၂ ခုနှစ်တွင် တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး မြေနေရာနှင့် ငါးထပ်အဆောက်အအုံ လှူဒါန်းခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ၁၉၉၆ ခုနှစ်မှစ၍ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ သာသနစုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထန္တရ ဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတ သုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၅ ခုနှစ်တွင် **“အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်းတက္ကသိုလ်က ၂၀၀၉ ခုနှစ်တွင် (Homorry Ph.D, Degree From Mahachulalongkornrajavidyalaya University, Bangkok, Thailand) ဘွဲ့၊ ထိုင်းနိုင်ငံဘုရင်မင်းမြတ်က ၂၀၁၀ ပြည့်နှစ်တွင် **ရတနရံသီဘွဲ့**တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်အစိုးရက ၂၀၂၃ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၆) နှစ် သိက္ခာတော်(၇၇)ဝါအရ ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော်(၁၄)ရက် (၈-၂-၂၀၂၄) ကြာသပတေးနေ့ (၀၀:၀၂) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၁၃ မှ

ယာဉ်ပေါ်တွင် သောင်းကျန်းသူအလောင်းအချို့နှင့် အသင့်ထုပ်ပိုးထားသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း အချို့တို့ကို သိမ်းဆည်းရရှိခဲ့သည်။ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပရဟိတလုပ်ငန်းခေါင်းစဉ် အကြောင်းပြ၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ငန်းတွင် ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တစ်ချိန်တည်းတွင် ဇရပ်ကြီးမြို့အနောက်ဘက် ကျေးရွာများအတွင်း လုံခြုံရေးလုပ်ငန်းများ အသေးစိတ်ဆောင်ရွက်ခဲ့ရာ သောင်းကျန်းသူများ ခိုအောင်းခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားပြီးနောက် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးရာတွင် ကျန်ရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ကားလမ်းဘေး အဆောက်အအုံအတွင်း သောင်းကျန်းသူအလောင်းအချို့နှင့်အတူ ထပ်မံသိမ်းဆည်းရရှိခဲ့သော်လည်း သောင်းကျန်းသူအလောင်းများမှာ ပုံဖြင့်ဖော်ပြရန် မသင့်သဖြင့် ချန်လှပ်ထားခဲ့ပါသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် တပ်မတော်စစ်ကြောင်းများ၏ တိုက်ခိုက်မှု၊ လေကြောင်းပစ်ကူနှင့် လက်နက်ကြီးပစ်ကူပေးမှုတို့ကြောင့် အထိနာစွာဖြင့် ဆုတ်ခွာထွက်ပြေးရာတွင် မြို့တွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ကျေနပ်မှုမရှိသည့် ဒေသခံပြည်သူအချို့၏ ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများကို နာကြည်းမှုဖြင့် ပေးပို့လာကြောင်း တွေ့ရှိရသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပရဟိတလုပ်ငန်းများကို အကြောင်းပြ၍ ဟန်ပြလူနာတင်ယာဉ်များဖြင့် လူနှင့်လက်နက်/ခဲယမ်း သယ်ဆောင်ခြင်းများကို လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် မိဘပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့နေထိုင်သော မြို့/ရွာများအတွင်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိရပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဇရပ်ကြီးမြို့အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ လွန်ချမ်းသာ။**

## ပြည်နယ်နှင့် တိုင်းအသီးသီးမှ စစ်မှုထမ်းဟောင်း ၂၀၀၀ ဝန်းကျင်ကို နေပြည်တော်သို့ ခေါ်ယူထားပြီး တောင်တွင်းကြီးမြို့တွင် စစ်သင်တန်း နှစ်ပတ်ပေးကာ ရှေ့တန်းစေလွှတ်မည်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

တပ်မတော်က ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စစ်မှုထမ်းဟောင်း ၂၀၀၀ ဝန်းကျင်ကို နေပြည်တော်သို့ခေါ်ယူထားပြီး




တောင်တွင်းကြီးမြို့တွင် စစ်သင်တန်း နှစ်ပတ်ပေးကာ ရှေ့တန်းသို့အကူတပ်များအဖြစ် စေလွှတ်မည်ဟု မဟုတ်မမှန်သတင်းများကို အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**သတင်းတု၊ သတင်းမှား ရေးသားဖြန့်ဝေ**

အထက်ပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအပါအဝင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များပါ နေပြည်တော်သို့ ဘုရားဖူးရန် ရောက်ရှိလာမှုကို ပြည်ဖျက်မီဒီယာများက အချိန်အခါကိုက် သတင်းတု၊ သတင်းမှားများအား ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ ကျောဖုံးမှ

ဖလားကို ၁၉၉၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တို့မှာ ချန်ပီယံအဖြစ် အောင်ပွဲခံထားနိုင်ခဲ့တဲ့အသင်းဖြစ်တာကြောင့် အာဖရိကနိုင်ငံများဖလားကို တတိယအကြိမ် ဆွတ်ခူးသွားနိုင်ဖို့ မျှော်လင့်နေတာလည်းဖြစ်ပါတယ်။

**ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့**

အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက်မှာ နိုင်ဂျီးရီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နိုင်ဂျီးရီးယားအသင်းဟာ အာဖရိကနိုင်ငံများ ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်မှာ တောင်အာဖရိကအသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ကာ ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၈

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်**
**၂၀၂၃-၂၀၂၄ ပညာသင်နှစ်**
**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ကောင်းမွန်ဆက် | အထက(၃)၊မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မMလဆီးဂျာ ဘောက်စောမ် | အထကခွဲလ(၃)၊မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်အနန္တညီညီ | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၄ | မမေသော်တာစံ | အထက(၁)၊ မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်စိုင်းရန်လင်းရွှေ | အထက(၂)၊ ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၆ | မဝေဝေလှိုင် | အထက(၂)၊ ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၇ | မောင်ကျော်မင်းထွဋ် | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၈ | မဝေထိုက်လွင် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၉ | စောထက်အောင်ကျော် | အထက(၁)၊ ဘားအံ | ဘားအံ | ဘားအံ |
| ၁၀ | မထက်အံ့ရှား | အထက(၁)၊ ဘားအံ | ဘားအံ | ဘားအံ |
| ၁၁ | မောင်နိုင်ကိုလင်း | အထက(၁)၊ စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၂ | မထက်ရွှေရည်အောင် | အထက(၁)၊ စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၃ | မောင်ရှင်းခန့်လင်း | TWS (ကပက) | ရွှေဘို | ရွှေဘို |
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ဇစိုး (၆)လမ်း၊ အမှတ်(၄၁၉)၊ ဒေါ်ထွေးရီအမည်ပေါက် ဂရန်မြေအကျယ်(၄၀ x ၆၀)ပေရှိသည့်အနက် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်(၄၁၉/ခ) မြေအား အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဝန်ခံသူ ဒေါ်ဖြူဖြူသစ်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဝေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စောယုနိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၉)**
**အမှတ်(၄၄၄)၊ သော်ကမြိုင်လမ်း၊ (၂)ရပ်ကွက်။**
**Ph:09-420059417**

# ရွှေမိုးကောင်းကွန်ဒို

## မှ

တရုတ်နှစ်သစ်ကူး ကြိုဆိုသောအားဖြင့်

**(25%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။**

**FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။**

**ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁**




## ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော် ကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) ၂၃-၂-၂၀၂၄ ညနေ ၄ နာရီတွင် အရှေ့ဘက် အောက်ပစ္စယာ၌ ရွှေတိဂုံစေတီတော်ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ အခွန်ထမ်းများ၊ မိတ်ဖက်အသင်းများနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးဌာနများပါဝင်သော အသင်း(၂၈)သင်းတို့ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(တပို့တွဲလပြည့်နေ့) ၂၄-၂-၂၀၂၄ ရက် နံနက် ၅:၀၀ နာရီတွင် ဆွမ်းခံတန်ဆောင်းနှင့် အာရုံခံတန်ဆောင်းများ၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကျင်းပခြင်း၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်များနှင့် သံဃာတော် အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၆:၀၀ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် (၆၄)ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နံနက် ၇:၀၀ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း အခမ်းအနားများ ကျင်းပမည်ဖြစ်ပါသည်။ ထမနဲတစ်ဒယ်လျှင် ကျပ် ၆၅,၀၀၀/-နှုန်းဖြင့် ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ပါကြောင်း၊ ကျပ် ၁၀,၀၀၀/- နှင့် အထက် ပါဝင်ကုသိုလ်ယူလှူဒါန်းသည့် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၄)လမ်း၊ မြေကွက်အမှတ်(၆၆၈ ၁/၂)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဒေါ်ထူးခင်(AA-၀၀၉၇၈၄)အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့်နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို** ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော **ဦးစည်သူ [၁၂/ဥကတ(နိုင်)၁၈၂၈၀၈]**မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်ဘုန်းနိုင်**
**[၅/ကနန(နိုင်)၀၂၄၄၉၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နှယ်နီလာထွန်း** | **ဒေါ်စန္ဒာအောင်** | **ဒေါ်မင်းသီရိမျိုး** |
| **(စဉ်-၉၄၀၃)** | **(စဉ်-၁၁၁၈၃)** | **(စဉ်-၅၅၁၆၃)** |
| **ဥပဒေသဲ့** | **ဥပဒေသဲ့** | **ဥပဒေသဲ့** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၃)၊ ၄-လွှာ(ညာ)၊ အောင်ချမ်းသာလမ်း၊ နှယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၉၅၅၃၆၇၄၉၁၊ ၀၉-၂၅၀၀၃၂၄၈၉**


**တိုက်ခန်းငှားမည် / ရောင်းမည်**
လမ်းမတော်မြို့နယ်၊ ဝိုလ်ချုပ်လမ်းမပေါ်၊ 5လွှာ၊ (25'x50') ရေမီးအစုံ။
၀၉ - ၅၁၅၂၅၁၄၊
၀၉ - ၅၁၈၀၃၉၃

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**


## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ်-၈၄၄(က)ဟုခေါ်တွင်သော မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ မြေကွက်အမှတ်-၈၄၄(က)ဟုခေါ်တွင်သော ဒေါ်ခင်ကြူ အမည်ပေါက် ပါမစ်မြေအမျိုးအစား အလျား၂၀ပေ x အနံ၆၀ပေအကျယ်ရှိ အိမ်မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးငွေအောင်[၁၂/ဥကတ(နိုင်)၁၀၇၀၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဇော်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၇၀၁၈)**
**တိုက်အမှတ်-၂၁၄၊ Min Ye Kyaw Swar Residence**
**အခန်း-၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သစ်တောလမ်း၊ ကွင်းအမှတ်(၁၀၃၉-အေ)၊ ကွင်းအမည်-သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်(၆၂/၄)၊ ဦးမြသွေးအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၇၆x၆၂x၅၄)ပေရှိခြံမြေကွက်နှင့် လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၁)ရပ်ကွက်၊ အမှတ် (၁/၈/၂)ဟုခေါ်တွင်သော အကျယ်အဝန်း(၈၀ x ၁၀၀)ပေရှိ ဦးမောင်ဦးအမည်ဖြင့် နေထိုင်ခွင့်ချထားခံရသော ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးညီညီ[၇/ဇကန(နိုင်)၀၂၉၆၁၃]ကိုင်ဆောင်သူထံမှ ဒေါ်ရူဘီစိုးသူ[၁/မကန(နိုင်)၁၉၃၆၄၁]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရူဘီစိုးသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယုယုဝင်း (LL.B)** | **ဒေါ်အိသီတာစိုး** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၂၁၃၀)(၃၀-၁၂-၂၀၁၉)** | **(စဉ်-၁၄၉၈၇)** |
| **စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။** | **ဖုန်း-၀၉-၄၄၈၄၇၃၉၈၉၊** |
| **Ph:09-401814971** | **၀၉-၇၈၉၅၃၃၆၉၃** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ်-၁၀/အက်ဖ်-၅၊ အမှတ်-၃၀(ဘီ)၊ အကျယ်အဝန်း (၁၅ပေ x ၆၀ပေ)ရှိ (နှစ်ထပ်)တိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစဖွဲ့စည်သူဝင်း[၁၄/ကပန(နိုင်)၂၃၃၀၁၅]ထံမှ (၂၃-၁၀-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်"ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်ဒွဲ[၁/မကန(နိုင်)၁၅၇၄၂၇]က တိုက်ခန်းတန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး၊ တစ်ဦးတည်းပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်ဒွဲ[၁/မကန(နိုင်)၁၅၇၄၂၇]၏ သိရှိသဘောတူညီမှုတစ်စုံတစ်ရာမရှိဘဲ အဆိုပါတိုက်ခန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းအပါအဝင် တစ်နည်းနည်းစီမံခန့်ခွဲခြင်း စသည့်မည်သည့်ကိစ္စရပ်ကိုမျှ ဆောင်ရွက်ခွင့်မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်ထွန်းမြင့်အောင်(LL.B,DIPL,DCBL)** | **ဦးထက်ခေါင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၉၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၉)** |

**အမှတ်(၁၀၈/၁၁၀)၊ (၃)လွှာ၊ ခေါင်းရင်း၊ (၃၈)လမ်း၊ အောက်ဘလောက်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၅၉၂၂၉၁၅၊ ၀၉-၄၄၃၄၀၇၈၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇F(နံ့သာကုန်း)၊ မြေကွက်အမှတ်-၆/ဃ၁၁-C၊ ဧရိယာ(၀.၀၂၉) ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်မြစိန် [၁၂/မရက(နိုင်)၀၈၄၈၉၈]၊ အမည်ပေါက် B အိမ်ရာမြေအား အမည်ပေါက် ဒေါ်မြစိန်(မိခင်)သည် (၁၇-၉-၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ ဦးချစ်ခိုင်(ဖခင်)သည် (၉-၃-၁၉၉၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် (၁)ဒေါ်သန္တာခိုင်[၁၂/ကမရ(နိုင်)၀၀၁၈၄၈]၊ (၂)ဒေါ်သော်တာခိုင် [၁၂/ကမရ(နိုင်)၀၀၁၈၄၉]၊ (၃)ဦးစိန်ခိုင်သန့် [၁၂/ကမရ(နိုင်)၀၀၁၈၅၀]တို့မှ သားသမီးများ တော်စပ်ကြောင်း၊ ၎င်းတို့(၃)ဦးမှလွဲ၍ အခြားသားရင်း၊ သမီးရင်းများမရှိကြောင်း၊ ကိတ္တိမ သားသမီးများလည်း မွေးစားထားခြင်း မရှိပါကြောင်း၊ အမွေစားအမွေခံသားသမီးများလည်း မရှိပါကြောင်း၊ ၎င်းတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်သည့်အတွက် ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့သားသမီး(၃)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေ ဆက်ခံသူမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၃၆၉/၂၀၂၄(၈-၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိဘများ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇F(နံ့သာကုန်း)၊ မြေကွက်အမှတ်-၅/ဇ-၃၊ဧရိယာ(၀.၀၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ ဒေါ်မြစိန်[၁၂/မရက(နိုင်)၀၈၄၈၉၈]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်မြစိန်(မိခင်)သည် (၁၇-၉-၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ ဦးချစ်ခိုင်(ဖခင်)သည်(၉-၃-၁၉၉၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် (၁)ဒေါ်သန္တာခိုင်[၁၂/ကမရ(နိုင်)၀၀၁၈၄၈]၊ (၂)ဒေါ်သော်တာခိုင်[၁၂/ကမရ(နိုင်)၀၀၁၈၄၉]၊ (၃)ဦးစိန်ခိုင်သန့်[၁၂/ကမရ(နိုင်)၀၀၁၈၅၀]တို့မှ သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့(၃)ဦးမှလွဲ၍ အခြားသားရင်း၊ သမီးရင်းများမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ အမွေစားအမွေခံသားသမီးများလည်း မရှိပါကြောင်း၊ ၎င်းတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သည့်အတွက် ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတို့သား သမီး(၃)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားအမွေ ဆက်ခံသူမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၃၅၆/၂၀၂၄(၈-၁-၂၀၂၄)၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် ဒ-၁၊ ဦးပိုင်အမှတ်(၁၃၈)၊ ၃၇ x ၃၈လမ်း၊ ၆၆ x ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယုံရင် [၁/မညန(ဧည့်)၀၀၀၃၅၈]က အမှုတွဲအမှတ်၇၀၇၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၄)၊ ဦးပိုင်အမှတ်(၁၅-ဘ)၊ ၂၆ x ၂၇လမ်း၊ ၇၅ x ၇၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်ငွေ၊ ဒေါ်ရီရီသန်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၅၆/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်နှင်းဖြူဖြူအေး[၉/ခအဇ(ဧည့်)၀၀၀၀၉၆]၊ ဒေါ်ဝင်းသီရိခိုင်[၉/ခအဇ(နိုင်)၀၃၅၈၇၆]တို့က အမှုတွဲအမှတ် ၀၇၇၁/ဘ/(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၃ x ၆၄လမ်း၊ ၃၈ x ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မော်၊ ဒေါ်သင်းသင်းလှိုင်တို့၏(S.P ရရှိသူ ဦးမျိုးမြင့်ကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၇/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်တင်တင်ခိုင်[၉/မရတ(နိုင်)၀၆၂၈၃၅]က အမှုတွဲအမှတ်၇၀၈၄/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဦးရဲထွန်းဦး[၇/ဒဥန(နိုင်)၀၀၀၄၃၃]၏လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေများက (၂၇-၁-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၉ တွင် ဖော်ပြခဲ့သော ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းအား ဦးရဲကျော်မာ၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဇင်လမ်း၊ သစ်ခွဇုန်၊ ရွှေနံ့သာစံပြရပ်ကွက်၊ အမှတ်-(၂၁) နေ ဦးရဲကျော်မာ[၁၂/ကမရ(နိုင်)၀၀၂၇၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်-

**၁။** ဦးရဲထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သော (၂၇-၁-၂၀၂၄) ရက်စွဲ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၉ ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များအနက် အချို့သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်လျက်ရှိသည့်အပြင် ပကတိဖြစ်ရပ်များနှင့်လည်းကိုက်ညီမှုမရှိသဖြင့် ဦးရဲကျော်မာက ယခုကဲ့သို့ တုံ့ပြန်ရှင်းလင်းရခြင်း ဖြစ်ပါသည်။

**၂။** ဦးရဲထွန်းဦး၏ ကြေညာချက်ပါ **"နိုင်ငံသားဖြစ်စေရန်ရည်ရွယ်ပြီး ဦးအောင်မြင့်နှင့် ဒေါ်မြမြတို့၏ အမည်အား ဦးရဲထွန်းဦး၏ မိဘများအဖြစ် အမည်ခံစေပြီး သန်းခေါင်စာရင်း တွင်ထည့်သွင်းခဲ့ပါသည်။"** ဟူသောဖော်ပြချက်သည်လည်းကောင်း၊ ယင်းဖော်ပြချက်များနှင့်သက်ဆိုင်သော ကျန်ဖော်ပြအချက်များသည်လည်းကောင်း လုံးဝမှန်ကန်ခြင်းမရှိပါ။ ထို့အပြင် ယင်းဖော်ပြချက်များသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်လည်း ညီညွတ်ခြင်းမရှိပါ။

ဦးရဲထွန်းဦး၏ မွေးစာရင်းတွင်ပါရှိသော ဖခင်အမည်မှာ ဦးအောင်မြင့်ဖြစ်ပြီး မိခင်အမည်မှာ ဒေါ်မြမြဖြစ်ပါသည်။ ဦးအောင်မြင့်မှာ ဒေါ်စန်းစန်းဝေ၏ အစ်ကိုအရင်းဖြစ်ပါသည်။ အထက်ပါအထောက်အထားများအရ ဦးရဲထွန်းဦးမှာဒေါ်စန်းစန်းဝေ၏ တူတော်စပ်သူဖြစ်ပါသည်။ ဦးရဲထွန်းဦးသည် ဦးမြင့်သိန်း(ခ)တန်ချွန်ကင်နှင့် ဒေါ်စန်းစန်းဝေတို့၏ နေအိမ်တွင် တူအဖြစ်လာရောက်နေထိုင်ခဲ့သူသာ ဖြစ်ပါသည်။

ထို့ကြောင့် ဦးမြင့်သိန်း (ခ) တန်ချွန်ကင် [၁၂/ကမရ (နိုင်) ၀၅၀၀၂၈]နှင့် ဒေါ်စန်းစန်းဝေ [၁၂/ ကမရ (နိုင်) ၀၅၀၀၂၉] တို့၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် မောင်ရဲကျော်မာ [၁၂/ကမရ (နိုင်) ၀၀၂၇၄၄] အား သားအဖြစ်လည်းကောင်း၊ မဖြူဖြူအေး [၁၂/ကမရ(နိုင်) ၀၄၉၈၁၁] အား သမီးအဖြစ်လည်းကောင်းဖော်ပြထားပြီး မောင်ရဲထွန်းဦး [၇/ဒဥန(နိုင်) ၀၀၀၄၃၃] အား တူအဖြစ်သာဖော်ပြထားပါသည်။ ယင်းဖော်ပြချက်တွင်လည်း ဦးရဲထွန်းဦး၏ ဖခင်အမည်မှာ ဦးအောင်မြင့်သာ ဖြစ်ပါသည်။

**၃။** တစ်ဖန် **" ဦးရဲထွန်းဦးအား ဦးအောင်မြင့်နှင့် ဒေါ်မြမြတို့မှ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်ကိတ္တိမသားအဖြစ် စာချုပ်ချုပ်ပြီး အမွေစားအမွေခံခြင်းနည်းလမ်းဖြင့် မွေးစားထားခဲ့ခြင်းမရှိ"** ပါဟူသော ဖော်ပြချက်သည် သဘာဝယုတ္တိမတန်သောဖော်ပြချက်မျှသာဖြစ်ပါသည်။ မွေးစာရင်းတွင် မိဘအရင်းများဖြစ်ကြောင်း အတိအလင်းဖော်ပြထားပြီးဖြစ်ပါလျက် ၎င်းတို့အနေဖြင့် တရားဝင် ကိတ္တိမသားအဖြစ် စာချုပ်ချုပ်ဆိုရန် လိုအပ်ခြင်းမရှိပါ။

ဦးမြင့်သိန်း(ခ)တန်ချွန်ကင်နှင့် ဒေါ်စန်းစန်းဝေတို့သည် ဦးရဲထွန်းဦးအား တူအဖြစ် ခေါ်ယူစောင့်ရှောက်ခဲ့ပြီး သံယောဇဉ်တွယ်ခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်စန်းစန်းဝေ ၏ မှာကြားချက်အရ ဦးမြင့်သိန်း(ခ)တန်ချွန်ကင်က ကျန်ရှိသောအမွေပစ္စည်းများကို ဦးရဲကျော်မာအတွက် (၁၃) ပုံ (၆)ပုံ ၊ ဒေါ်ဖြူဖြူအေးအတွက် (၁၃) ပုံ (၄)ပုံနှင့် ဦးရဲထွန်းဦးအတွက် (၁၃) ပုံ (၃)ပုံစီ ခွဲဝေရယူကြရန် စာဖြင့်ရေးသားမှာကြားခဲ့ပါသည်။

**၄။** ဦးရဲကျော်မာနှင့် ဒေါ်ဖြူဖြူအေးတို့သည် မိဘဖြစ်သူတို့၏ ဆန္ဒအား မပယ်ရှားလိုသဖြင့်လည်းကောင်း၊ မိသားစုဝင်များအကြား မလိုလားအပ်သော ပြဿနာရပ်များ မပေါ်ပေါက်စေလိုသဖြင့် လည်းကောင်း (၁၆-၁-၂၀၂၂) ရက်စွဲပါ **"အမွေခွဲဝေခြင်း စီမံချက်သဘောတူကတိစာချုပ်"** အား ပြုလုပ်ချုပ်ဆို၍ အမွေခွဲဝေခဲ့ကြပါသည်။

**၅။ ထိုခွဲဝေမှုအရ -**

- ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင် (၇)လမ်း၊ အကျယ်အဝန်း (၁၂.၅x၅၀) ပေရှိ အမှတ်(၆)ဟုခေါ်တွင်သည့် (မြေညီထပ်+ထပ်ခိုး) ခြေရင်းခန်း (၁)ခန်းအား ဦးရဲထွန်းဦးက လည်းကောင်း -
- ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၃)လမ်း၊ အကျယ်အဝန်း (၁၂.၅x၅၀)ပေရှိ အမှတ် (၂၉)ဟုခေါ်တွင်သည့် (မြေညီထပ်+ထပ်ခိုး) ခြေရင်းခန်းနှင့် Suzuki Ertiga ယာဉ်နံပါတ် 5M–7139 ကား (၁)စီးအား **ဒေါ်ဖြူဖြူအေးက လည်းကောင်း** –
- ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်– စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မြေကွက်အမှတ် (၂၉)၊ အကျယ်အဝန်း (၇၉x၁၃၅) ပေ၊ စတုရန်းပေ ၁၀၆၆၅၊ ဧရိယာ ၀.၂၄၅ဧက ဟုခေါ်တွင်သည့် ဒေါ်စန်းစန်းဝေအမည်ပေါက် နှစ် (၆၀)စက်မှုဇုန် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦတို့အား ဦးရဲထွန်းဦးနှင့်**ဒေါ်ဖြူဖြူအေးတို့က သတ်မှတ် အချိုးများအတိုင်းလည်းကောင်း** –
- ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်– စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂) ၊ မြေကွက်အမှတ် (၃၀) ၊ အကျယ်အဝန်း (၇၉x၁၃၅) ပေ၊ စတုရန်းပေ ၁၀၆၆၅၊ ဧရိယာ ၀.၂၄၅ဧက ဟုခေါ်တွင်သည့် ဒေါ်စန်းစန်းဝေ အမည်ပေါက် နှစ် (၆၀)စက်မှုဇုန်ဂရန်မြေကွက်နှင့် ဖခင်ဖြစ်သူသက်ရှိထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီးဖြစ်သော ငွေသားအချို့အား ဦးရဲကျော်မာက လည်းကောင်း အသီးသီး လက်ရောက်ခွဲဝေရယူခဲ့ကြပါသည်။

**၆။** ထို့နောက် ဦးရဲကျော်မာ ခွဲဝေရရှိခဲ့သော မြေကွက်အား ဦးရဲကျော်မာ တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်ရန်အတွက် ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေးတို့က စွန့်လွှတ်ကြောင်း သဘောတူညီခဲ့ကြပါသည်။ ထို့ကြောင့် ဦးရဲကျော်မာက ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေးတို့ အား ငွေကျပ်သိန်း (၅၀၀) ပေးချေရန် သဘောတူညီခဲ့ပြီး ထိုနေ့တွင် ငွေကျပ်သိန်း (၂၅၀) အား လက်ရောက်ပေးချေခဲ့ပါသည်။ ထိုပေးချေမှုအတွက် ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေး တို့ကလည်း လက်ခံရရှိကြောင်း ဝန်ခံကတိပြုခဲ့ကြပါသည်။

**၇။** ကျန်ငွေကျပ်သိန်း (၂၅၀)ကို ဦးရဲထွန်းဦးနှင့် ဒေါ်ဖြူဖြူအေးတို့က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးရဲကျော်မာ၏ ဇနီးဖြစ်သူ ဒေါ်မြသဇင်(ဘ) ဦးမြင့်သန်း [၁၄/ဇလန(နိုင်)၀၉၇၁၃၀] အား အထွေထွေကိုယ်စားလှယ်လွှဲစာတစ်စောင်ပြုလုပ်ပေးသည့်နေ့တွင် ပေးချေရမည်ဖြစ်ကြောင်းသဘောတူညီခဲ့ကြပါသည်။

**၈။** ထိုသဘောတူညီမှုအရ ဒေါ်ဖြူဖြူအေးက ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးခဲ့ပါသည်။ ထို့ကြောင့် ကျန်ငွေကျပ်သိန်း (၂၅၀)အနက်မှ ဒေါ်ဖြူဖြူအေးရရှိမည့် အချိုးကျငွေ ကျပ် (၁၄၃)သိန်းကို ဦးရဲကျော်မာက ဒေါ်ဖြူဖြူအေးထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးရဲထွန်းဦးကမူ အထက်ပါသဘောတူညီမှုအတိုင်း လိုက်နာဆောင်ရွက်ပေးရန် အကြိမ်ကြိမ်ငြင်းဆန်ခဲ့ပြီး အမွေကိုအစမှပြန်လည်ခွဲဝေမည်ဟု ကတိဖျက်ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ဦးရဲထွန်းဦး၏ ကြေညာချက်ပါ **"ယနေ့ (၂၅-၁-၂၀၂၄) ရက်နေ့အထိ ကျန်ငွေသိန်း (၂၅၀)အား ပေးအပ်ခဲ့ခြင်း (လုံး၀) မရှိပါဘဲလျက်"** ဟူသောဖော်ပြချက်သည် မှန်ကန်ခြင်းမရှိသောဖော်ပြချက်မျှသာဖြစ်ပါသည်။

ဦးရဲထွန်းဦးသည် ကျန်ငွေကျပ်သိန်း (၂၅၀) အနက်မှ ငွေ (၁၀၇)သိန်းကျပ်သာ ရထိုက်ခွင့်ရှိသူဖြစ်ပါသည်။ ထိုသို့ရထိုက်ခွင့်ရှိသော ငွေကြေးကို မရရှိသေးခြင်းမှာလည်း ၎င်းအနေဖြင့် လွှဲပေးရမည်ဖြစ်သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြုလုပ်ပေးခြင်းမရှိသဖြင့် မရရှိသေးခြင်းဖြစ်ပါသည်။ ဒေါ်ဖြူဖြူအေးသည် ၎င်း၏ကတိအား လိုက်နာဆောင်ရွက်ပေးသဖြင့် ၎င်းရထိုက်ခွင့်ရှိသောငွေကျပ် (၁၄၃)သိန်းကို ဦးရဲကျော်မာက အပြည့်အဝပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

**၉။** တစ်ဖန် ဦးရဲထွန်းဦး၏ကြေညာချက်ပါ **" ဦးရဲကျော်မာသည် ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်ဂရန်မြေကွက်အမှတ်(၃၀)အား စာချုပ်စာတမ်းရုံးတွင် ဦးရဲကျော်မာနှင့်ဒေါ်ဖြူဖြူအေးတို့ မောင်နှမနှစ်ဦးသာ ရှိကြောင်း မမှန်မကန်ဖော်ပြပြီး မောင်နှမအရင်း (၃)ဦးရှိသည်ကို ထိမ်ချန်ပြီး မမှန်မကန်ဖော်ပြလျက် "** ဟူသောဖော်ပြချက်များသည် မှန်ကန်ခြင်းမရှိပါ။

(၁၆-၁-၂၀၂၂) ရက်စွဲပါ စာချုပ်တွင် ဦးရဲထွန်းဦးအား မောင်နှမအရင်းအဖြစ် ထည့်သွင်းသုံးနှုန်းခွင့်ပြုခဲ့ခြင်းမှာအထက်အပိုဒ်(၄)ပါအချက်များကြောင့်ဖြစ်ပါသည်။ သို့သော် ဦးရဲထွန်းဦးသည် ၎င်း၏ကတိအားဖောက်ဖျက်ခဲ့ပြီးအမွေကိုအစမှပြန်လည်ခွဲဝေမည်ဟု ပြောဆိုနေသဖြင့် မောင်နှမအရင်းဟူသော အသုံးအနှုန်းကို ဆက်လက်သုံးနှုန်းရန်မလိုအပ်တော့သဖြင့် လည်းကောင်း၊ အထက်အပိုဒ်(၂) ပါ စာရွက်စာတမ်းအထောက်အထားများအရ မူလကပင် ဦးရဲကျော်မာနှင့် ဒေါ်ဖြူဖြူအေးတို့နှစ်ဦးသာ မောင်နှမအရင်းများအဖြစ်ပါရှိခဲ့ခြင်းကြောင့်လည်းကောင်း ဒေါ်စန်းစန်းဝေအမည်ပေါက်မြေကွက် အား ဦးရဲကျော်မာ အမည်သို့ ပြောင်းလဲရာတွင် အဖြစ်မှန်အတိုင်းဖော်ပြ၍ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ ထိမ်ချန်ခြင်း၊ မမှန်မကန်ဖော်ပြခြင်းတို့မပါရှိခဲ့ကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

**၁၀။** ဦးရဲထွန်းဦး၏ ကြေညာချက်ပါ **" ဦးရဲထွန်းဦးသည် မြေကွက်အမှတ် (၂၉)နှင့် (၃၀) အား ငွေရရန်အတွက် နေသူမဲ့(အလွတ်) မထားရှိဘဲ အခြားသူထံသို့ အငှားချထားပြီး"** ဟူသောဖော်ပြချက်ပါ မြေကွက်အမှတ် (၃၀)ဟူသော အဆိုပြုချက်ကို ဦးရဲကျော်မာက လက်မခံကြောင်းရှင်းလင်းပြန်ကြားအပ်ပါသည်။

မြေကွက်အမှတ် (၃၀)မှာ ဦးရဲကျော်မာက အမွေလက်ရောက်ခွဲဝေရရှိခံစားလျက်ရှိသော မြေကွက်ဖြစ်၍ ဦးရဲထွန်းဦး အနေဖြင့် ငှားရမ်းခွင့်မရှိပါ။ ငှားရမ်းခဲ့မည်ဆိုပါကလည်း တရားမဝင်နိုင်ပါ။

**၁၁။** ဦးရဲထွန်းဦးအား အတိအလင်း အသိပေး တုံ့ပြန်ရှင်းလင်းလိုသည်မှာ –

ဦးရဲကျော်မာအနေဖြင့် (၁၆-၁-၂၀၂၂) ရက်စွဲပါ သဘောတူစာချုပ်အားပြုလုပ်ချုပ်ဆိုခဲ့ခြင်းမှာ မလိုလားအပ်သောပြဿနာများ အရှည်အရှည်မဖြစ်လို၍ဖြစ်ပါသည်။ ထို့အပြင် ဦးရဲကျော်မာ၏ ဂရန်အမည်ပြောင်းလုပ်ဆောင်မှုများသည် ထိုသဘောတူညီချက်များနှင့်လည်း ဆန့်ကျင်ကွဲလွဲခြင်းမရှိပါ။ ထိုအခြေအနေတွင် ဦးရဲထွန်းဦးအနေဖြင့် ပြဿနာရပ်များကို ငြိမ်းအေးစွာဖြေရှင်းပြီးစီးလို သည်ဆိုပါက ယခုကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ဦးရဲကျော်မာထံသို့ ဆက်သွယ်၍ ငွေ (၁၀၇)သိန်းကျပ်အား လက်ခံရယူခြင်း၊ ဦးရဲကျော်မာ၏ ဇနီးဖြစ်သူ ဒေါ်မြသဇင်အား ရန်ကုန်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းတို့ကို မပျက်မကွက် ပြုလုပ်ဆောင်ရွက်သွားရန်အသိပေး တုံ့ပြန်အပ်ပါသည်။ ဦးရဲထွန်းဦးအနေဖြင့် အထက်ပါကိစ္စရပ်များကို လိုက်နာဆောင်ရွက်မည်ဆိုပါက ဦးရဲကျော်မာအနေဖြင့် (၁၆- ၁-၂၀၂၂) ရက်စွဲပါ သဘောတူညီမှုများအတိုင်း ဆက်လက်လုပ်ပေးသွားရန် ဆန္ဒရှိကြောင်းအသိပေးအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ မမှန်မကန် ဖော်ပြ၍ တရားစွဲဆိုခဲ့ပါက ဦးရဲထွန်းဦးသည် ဦးမြင့်သိန်း(ခ)တန်ချွန်ကင်နှင့်ဒေါ်စန်းစန်းဝေတို့၏ အမွေအား ဥပဒေအရ ဆက်ခံခွင့်ရှိသူမဟုတ်ကြောင်းကို သက်သေအထောက်အထား အခိုင်အမာဖြင့် တုံ့ပြန်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ချစ်ချစ်စံ(စဥ်-၁၇၀၇၁)** | **ဦးစန်းမင်းဦး(စဥ်-၅၁၅၃၁)** | **ဒေါ်ခိုင်စုဝေ(ခ)ငုဝါဝါလွင်(စဥ်-၅၁၈၂၂)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အခန်း (၂၀၁) ၊ B5 ၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Ph:09–41008695 ၊ 09–258001797**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးဇော်
## ညွှန်ကြားရေးမှူး
## သစ်တောဦးစီးဌာန
## အသက် (၅၇) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးတင်ထွန်း)-ဒေါ်ငြိမ်း တို့၏သား၊ နေပြည်တော်၊ ရေဆင်းနေ(ဦးမောင်မောင်)-ဒေါ်လှခင် တို့၏သား/သားမက်၊ မန္တလေးမြို့နေ ဒေါက်တာထက်မြတ်-မအိအိ ချစ်စု၊ နေပြည်တော်၊ ရေဆင်းနေ မရွှေရည်ဖူး၊ မသက်ထက်ဖူး တို့၏ ဖခင်၊ ဒေါ်မာမာဦး ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမိုးဇော်သည် ၆-၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်
ဝန်ထမ်းများ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးဇော်
## ညွှန်ကြားရေးမှူး
## သစ်တောဦးစီးဌာန
## အသက် (၅၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးတင်ထွန်း)-ဒေါ်ငြိမ်း တို့၏သား၊ နေပြည်တော်၊ ရေဆင်းနေ(ဦးမောင်မောင်)-ဒေါ်လှခင် တို့၏သား/သားမက်၊ မန္တလေးမြို့နေ ဒေါက်တာ ထက်မြတ်-မအိအိချစ်စု၊ နေပြည်တော်၊ ရေဆင်းနေ မရွှေရည်ဖူး၊ မသက်ထက်ဖူး တို့၏ဖခင်၊ ဒေါ်မာမာဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးဇော်သည် ၆-၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာနနှင့်
ဝန်ထမ်းများ

## တစ်လပြည့်ဆွမ်းကျွေးတရားနာ အသိပေးအပ်ပါသည်

နေပြည်တော်၊ မြို့မဈေး၊ Special One စင်တာ၊ ဦးအောင်ကျော်၏ဇနီး၊ (ကိုနေထက်အောင်ကျော်)-မမြသန္တာခိုင်၊ ကိုရဲကျော်စွာ-မရတနာအောင်ကျော်၊ မမြတ်သီရိအောင်ကျော် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်စစ်ကောင်း(ဂျွတ်ကီး)၊ မနေနေကျော်(ကွတ်ကီး)၊ မအနာဂတ်ခေတ်(အီကီး)တို့၏အဘွား ဖြစ်သူ ဒေါ်စန်းစန်းဌေး(ခ)မချို(မြတ်ပန်းတော်ဝင်)အသက်(၆၃) နှစ်သည် ၂၀၂၄-ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင်ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ King Chula Longkorn Memorial Hospital (ချူလာလောင်ကုန်းဆေးရုံ)တွင် ဘဝသစ်ကူးပြောင်းသွားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Wat Bang Toei(ဝက်ဘန်တိုး)ဘုန်းကြီးကျောင်းတွင် မီးသင်္ဂြိုဟ်ခဲ့ပါသည်။

ယနေ့တွင် ကျွန်ုပ်တို့၏ ချစ်လှစွာသော ဇနီး၊ မွေးသမိခင်၊ အဘွားအတွက်(၁)လပြည့်ဆွမ်းကျွေးတရားနာကို ၉-၂-၂၀၂၄ရက် တွင် နေပြည်တော်နေအိမ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေး ရပ်နီး မိတ်ဆွေအပေါင်းအသင်းများကို အသိပေးပန်ကြားအပ်ပါ သည်။ ဘဝတစ်လျှောက်လုံး မိသားစုအပေါ် ရယူခြင်းထက် ပေးဆပ်ခြင်းများစွာဖြင့်သာ အချိန်ပေါင်းများစွာကုန်လွန်စေခဲ့တဲ့ မိခင်ကြီးရဲ့စေတနာ၊ မေတ္တာများကို အစဉ်အမြဲသတိရလျက်.....။

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဘုရင့်နောင်၊ မြေကွက်အမှတ်-၃၆၅/ခ၊ ဧရိယာ (အလျား ၂၀' × အနံ ၆၀') ရှိ ဦးတင်ဝင်း ( DLA - ၀၁၃၇၉၈ ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင်အကျိုးခံစားခွင့် အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး(၂၄-၅-၂၀၂၃)ရက်စွဲပါ ဒလမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၈၈/၂၀၂၃ ရရှိသူ **ဦးသန်းထိုက်အောင်(၁၂/သကတ(နိုင်) ၁၂၀၈၈၃)**ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝတ်ရည်ထွန်း(၁၂/တမန(နိုင်) ၀၉၈၆၄၄)**ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူ များရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များ နှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက် အရ**
**ဒေါ်စန်းစန်းမော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၆၄၈၇/၉၇ )**
အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄၊ ၀၉-၇၆၅၁၉၃၈၈၄

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်း(ခ)ဒေါ်ခင်စန်းမြင့်
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၈)လမ်း၊ အမှတ် (က/၇၀)နေ အဖ (ဦးစိန်အုပ်)-အမိ(ဒေါ်အုံးသင်)တို့၏သမီး၊ (ဦးသိမ်းမြင့်)၏ဇနီး၊ (ဦးမောင်မောင်ဦး)-ဒေါ်သီတာနွယ်၊ ဒေါက်တာမောင်မောင်စိုး-ဒေါ်ခင်ပပအေး၊ ဦးရဲမင်းသူ-ဒေါ်သန်းသန်းအေးတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ ဘွားဘွား ကြီး ဒေါ်ခင်စန်း(ခ)ဒေါ်ခင်စန်းမြင့်သည် ၈-၂-၂၀၂၄(ကြာသပတေးနေ့) နံနက် ၃:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၂-၂၀၂၄(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ၁၄-၂-၂၀၂၄ ရက်တွင် ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသား/သမီးများ

## ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးမြကြိုင်(ဝါးခယ်မ)
## အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးအုန်းမောင်-ဒေါ်နှင်းရင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်ခင်သန်း)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့ နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၂)လမ်း၊ အမှတ်(၁/၈၆၄)နေ ဒေါ်သန်းသန်းစု၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းတင်လှိုင်-ဒေါ်သင်းစုလွင်၊ ဒေါ်နှင်းစုလွင်၊ ဒေါ်စုစန္ဒာလွင်တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ ရွှေလည်ဆွဲ(ခ)နှစ်သစ်စုလှိုင်၏ချစ်လှစွာ သောဘိုးဘိုးကြီးသည် ၄-၂-၂၀၂၄(တနင်္ဂနွေနေ့) ည ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၆-၂-၂၀၂၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန် သူအားရည်စူး၍ ၁၀-၂-၂၀၂၄(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က) ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်-၂၇၊ (၃)လွှာ(ခေါင်းရင်းခန်း)၊ အကျယ် အဝန်း(၁၅ ပေx၆၀ ပေ)ရှိ တိုက်ခန်းနှင့် ရေမီးစုံအပါအဝင် တိုက်ခန်း (၁) ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးရွှေဝင်း မှတ်ပုံတင်အမှတ်[၁၁/စတန(နိုင်)၀၁၀၅၅၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါကခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ် ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း (အထက်တန်းရှေ့နေ) LL.B, LL.M (စဉ် - ၂၅၃၇၄)**
**အမှတ်(၈၈)၊ ပတ္တမြား(၂)လမ်း၊ (၁၀)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၄၂၀၇၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ အတွင်းရှိ အခန်းအမှတ်(၇၀၅)၊ တိုက်(အေ-၄)၊ စတားစီးတီးကွန်ဒိုရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်သူလင်း [၁/ဗမန (နိုင်)၀၄၉၀၁၁]နှင့် ဒေါ်ဝင်းမို့မို့[၆/ထဝန(နိုင်)၀၈၉၈၇၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံ သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမင်းမင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေလွင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၂/၁၇-၇-၂၀၁၈)**
**အမှတ်(၅)၊ အောင်သီတာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၉၄၄၀၀၁၂**

## "အိမ်ခြံမြေ ဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီရှိန် [၉/မကန(နိုင်)၀၈၈၂၃၃] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၁၈၁ ၁/၂)၊ အိမ်အမှတ်-(၁၈၁/ခ)ဟုခေါ်တွင်သော အကျယ် (၂၀x၆၀)ပေ ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် ရေ၊ မီးအစုံအလင်နှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး" တို့အား တရားဝင်ပိုင်ဆိုင်သူများဖြစ်သော "ဒေါ်နွယ်နွယ်ဦး[၁၂/ဥကမ(နိုင်)၀၀၃၉၆၄]၊ ဦးအောင်ကျော်သူ [၁၂/ဥကမ (နိုင်)၀၀၃၉၆၅]၊ ဦးမြင့်လွင်သူ [၁၂/ဥကမ(နိုင်)၀၁၉၁၁၆]၊ ဒေါ်သင်းသင်း ခိုင်[၁၂/ဥကမ(နိုင်)၁၇၅၆၄၀]"** တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများ နှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထ မြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း** | **ဒေါ်ပွင့်သူဇာ** |
| **(LL.B) (စဉ်-၁၄၅၉၈)** | **(LL.B)(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘဝသစ် ဦးအောင်ကျော်
## အသက်(၉၀)နှစ်

ဒေါက်တာ ဇေယျာအေး-ဒေါက်တာ ရတနာကျော်တို့၏ဖခင်၊ မောင်ရိုးမြတ်၏အဘိုး၊ ဘဝသစ် ဦးအောင်ကျော်(မောင်ကြာညို) သည် ၈-၂-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကောင်းမွန်ရာ ဘုံဘဝမှာတည်ပါစေ။

ဦးစိုးသိန်း- ဒေါ်ခင်ချိုအုန်း

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘဝသစ် ဦးအောင်ကျော်
## အသက်(၉၀)နှစ်

ဒေါက်တာ ဇေယျာအေး-ဒေါက်တာ ရတနာကျော်တို့၏ဖခင်၊ မောင်ရိုးမြတ်၏အဘိုး၊ ဘဝသစ် ဦးအောင်ကျော်(မောင်ကြာညို) သည် ၈-၂-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကောင်းမွန်ရာ ဘုံဘဝမှာတည်ပါစေ။

ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး-ဒေါ်ခင်နီ
မိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ဝေ
## ဌာနစုမှူး(စက္ကူနှင့် ဓာတုဗေဒ)အငြိမ်းစား
## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့တောင် အောင်မြေသာစည်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၆)နေ (ဦးကျင်ဆိုင်-ဒေါ်ကြည်) တို့၏သမီး၊ (ဦးမျိုးအောင်)၏ဇနီး၊ ဦးနှင်းယု-ဒေါ်နီနီအောင်၊ ဦးရဲသန်းထွန်း- ဒေါ်ဖြူဇာခင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝဏ္ဏထွဋ်အောင်၊ မောင်ဇွဲသီဟ အောင်၊ မဝတ်မှုံဖူး၊ မလင်းလက်မေတို့၏အဘွား ဒေါ်ခင်ခင်ဝေသည် ၇-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ကွယ်လွန် သွားသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်ပြီးဖြစ် ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၂၄(အင်္ဂါနေ့)နံနက်တွင် ရန်ကုန် တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အရှေ့တောင် အောင်မြေ သာစည်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၆)နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော် နာပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၂၇၄)ရှိ ဓာတ်လှေကား ပါဝင်သော နှစ်ခန်းတွဲ မီနီကွန်ဒို RC (၈)ထပ်တိုက်မှ သတ္တမထပ် (၈)လွှာ၊ အခန်းအမှတ်(8-A)၊ (မျက်နှာမူလျှင်-ဝဲ) အခန်း၊ ဧရိယာ (၉၁၈) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို NATURE HOME MAKERS CONSTRUCTION Co., Ltd. ကိုယ်စား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒါရိုက်တာ ဦးမင်းကျော်သူ[၇/သကန(နိုင်)၀၈၃၃၂၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးထွန်းကိုကို [၈/ခမန(နိုင်)၁၇၆၃၈၂]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေယံစိုး [၁၀/ပမန (နိုင်) ၂၁၇၃၅၅]၏ ပတ်စ်ပို့နံပါတ် (MH-766585) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၆၉၁၀၄၆၆၉**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခိုင်ထူးသန့်၏သား မောင်ပိုင်စိုးသန့်[၁၂/ဗတထ(နိုင်) ၀၃၈၇၁၁]၏ နိုင်ငံကူးလက်မှတ် အမှတ် (MA 083162) ခရီး သွားရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၁၀၆၁၆၀၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲလွင် မောင်မောင် [၃/သတက(နိုင်) ၀၀၁၈၆၂] CDC-112354 ၏ BST/SSA/DSD လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေး ပါရန်။ **Ph:09-799223727**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရရှိရန်လို......**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် EV ဆိုင်ရာ လျှပ်စစ်ယာဉ်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူစားသုံးနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည့်အတွက် မည်သူမဆို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူစားသုံးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကွန်ဂိုအသင်းကိုအနိုင်ရပြီး အိုင်ဗရီကို့စ်အသင်း အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲတက်လှမ်း

အိုင်ဗရီကို့စ်အသင်းနဲ့ ကွန်ဂိုအသင်းတို့ ဖေဖော်ဝါရီ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အိုင်ဗရီကို့စ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဖရိကနိုင်ငံများဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။



အိုင်ဗရီကို့စ်အသင်းနှင့် ကွန်ဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ အိုင်ဗရီကို့စ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၆၅ မိနစ်မှာ ဟယ်လာက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အိုင်ဗရီကို့စ်အသင်းဟာ အုပ်စုအဆင့်ကနေ ရှုံးထွက်အဆင့်ကို တက်လှမ်းဖို့ အလားအလာမရှိဘူးဆိုတဲ့ရည်ရွယ်ချက်နဲ့ အုပ်စုအဆင့်မှာပဲ နည်းပြဖြစ်သူ ဂျန်လူးဝစ်ဂတ်ဆက်အား ထုတ်ပယ်ခဲ့တာဖြစ်ပေမယ့် ယာယီနည်းပြရဲ့ ကိုင်တွယ်မှုနဲ့ အတူ အာဖရိကဖလား နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အိုင်ဗရီကို့စ်အသင်းကို ယာယီနည်းပြအဖြစ် အီမာဆီဖေက တာဝန်ယူကိုင်တွယ်နေတာ ဖြစ်ပါတယ်။ အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကနိုင်ငံများ

စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ❍

## မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် တတိယနေ့ ဆက်လက်ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲ၏ တတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ တတိယနေ့အပြီး ပညာရှင်အဆင့် ပြိုင်ပွဲတွင် ကျော်သက်ဦး (Okkala Golf Academy)က သုံးရက်ပေါင်းရိုက်ချက် ၁၉၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက် လျှော့ရိုက်ကာ ပထမ၊ သိန်းနိုင်စိုး (HAN Golf Academy) နှင့် ရာဇာ(MGG)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက် လျှော့ရိုက်ကာ ဒုတိယနေရာတွင် လည်းကောင်း၊ Senior Pro အဆင့်တွင် မင်းနိုင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ပထမ၊ ကျော်မိုးက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ အိုက်ပန်းက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ ချက်ဖြင့် တတိယနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MGF

## ယနေ့ ဖတ်စရာ

**လားရှိုးမြို့ရှိ စန်းရွှင်ဟိုတယ်အား KIO/KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က ဆက်ကြေးကောက်ခံရာ ပေးဆောင်ခြင်းမရှိ၍ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၂

---

**ဇရပ်ကြီးမြို့အတွင်း လိုအပ်သောလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ၊ အကြမ်းဖက်သောင်းကျန်းသူများက ပရဟိတလုပ်ငန်းသုံးယာဉ်များ အသုံးပြု၍ လက်နက်/ခဲယမ်း သယ်ဆောင်ခြင်းများ လုပ်ဆောင်နေ**

စာမျက်နှာ » ၁၃